# အသစ်အဆန်းမှသည် ပုံမှန်ဖြစ်ခြင်းဆီသို့.....

## ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလ မြန်မာနိုင်ငံတွင် သဘောထားစစ်တမ်းကောက်ယူခြင်းအခြေအနေ



OPEN SOCIETY FOUNDATIONS

# အသစ်အဆန်းမှသည် ပုံမှန်ဖြစ်ခြင်းဆီသို့.....

ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလ မြန်မာနိုင်ငံတွင် သဘောထားစစ်တမ်းကောက်ယူခြင်းအခြေအနေ

Open Society Foundations Burma Project နှင့်
Open Society Foundations Think Tank Fund တို့
ကမကထပြုပေးသည့် နိုင်ငံတကာ သုံးသပ်အစီရင်ခံစာ

Kathleen A. Frankovic ကြီးကြပ်ပြီး
Mahar Mangahas နှင့် Ibrahim Suffian
တို့ပါဝင်ရေးသားသည်။

၂၀၁၅ ခုနှစ်၊ မတ်လ

OPEN SOCIETY
FOUNDATIONS

ယခုအစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် ပါဝင်အားဖြည့်ပေးသော မြန်မာ၊ ဥရောပနှင့် အမေရိကန်ပြည်ထောင်စုမှ သဘောထားစစ်တမ်း ကောက်ယူမှု ကျွမ်းကျင်သူများကို ကျေးဇူးတင်ကြောင်း ပြောလိုပါသည်။

အစီရင်ခံစာ ပထမမူကြမ်းများအပေါ် အဖိုးတန် မှတ်ချက်များ ရေးသားပေးသော Kathy Joe နှင့် Michael Traugott တို့ကိုလည်း ကျေးဇူးတင်ပါသည်။ ထို့အပြင် အစီရင်ခံစာ ပြုစုရေးသားခြင်း လုပ်ငန်းကို စတင်ချိန်မှ ပြီးဆုံးချိန်အထိ  လမ်းညွှန်ပြသပေးခဲ့သော Open Society Foundation မှ Vladyslav Galushko ကို အထူးကျေးဇူးတင်ပါသည်။

သုံးသပ်ချက်များ (နှင့် အမှားအယွင်း တစ်စုံတစ်ရာရှိပါက ထိုအမှားများ)သည် ကျွန်တော်တို့၏ တာဝန်သာဖြစ်ပါသည်။ ပညာရှင်များ၏ တာဝန်မဟုတ်ပါ။

အစီရင်ခံစာ၏ မြန်မာလိုနှင့် အင်္ဂလိပ်လို "မူ" နှစ်မျိုးကြားတွင် အကြောင်းအရာပိုင်း ကွဲလွဲချက် တစုံတရာရှိပါက အင်္ဂလိပ်လို ရေးသားထားခြင်းကိုသာ ဦးစားပေးမှတ်ယူရပါမည်။

# အစီရင်ခံစာ အကျဉ်းချုပ်

ယခုအစီရင်ခံစာသည် မြန်မာနိုင်ငံတွင်း ကောက်ယူကြသော သဘောထားစစ်တမ်း သုတေသနများ၏ အခြေအနေကို ဆန်းစစ်ထားပါသည်။ တွေ့ကြုံရသည့် အခက်အခဲများကို ဖော်ထုတ်ထားပြီး ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်ရေး အကြံပြုချက်များကိုလည်း ထည့်သွင်းထားပါသည်။ စစ်အုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီသို့ ကူးပြောင်းမည်ဟု မြန်မာအစိုးရက ၂၀၁၀ ခုနှစ်တွင် ကြေငြာပြီးချိန်မှစ၍ ပြည်တွင်းနှင့် နိုင်ငံတကာမှ အကျိုးဆိုင်အဖွဲ့အစည်းများသည် တိုင်းပြည်အတွင်း များပြားလှစွာသော အကြောင်းကိစ္စများအပေါ် ပြည်သူလူထု၏ သဘောထားအမြင်များကို နားလည် သိရှိနိုင်ရန် သဘောထားစစ်တမ်းများကို စတင်ကောက်ခံလာကြပါသည်။

နိုင်ငံရေးအသွင်ကူးပြောင်းမှု ဖြစ်ပေါ်နေသော နိုင်ငံများတွင် သဘောထားစစ်တမ်း ကောက်ယူခြင်းသည် အလွန်အရေးကြီးပါသည်။ ပါတီများအတွက် မဲဆန္ဒရှင်များ၏ လိုအပ်ချက်များနှင့် လိုအင်ဆန္ဒများကို နားလည်နိုင်စေမည့် အချက်အလက်များကို သဘောထားစစ်တမ်းများက ပေးအပ်နိုင်ပြီး အစိုးရအာဏာ အလွဲသုံးစားလုပ်မှုများမဖြစ်အောင် စောင့်ကြပ်ထိန်းကျောင်းလာနိုင်ပါသည်။ ပြည်သူလူထု၏ သဘောထားအမြင်နှင့် ပတ်သက်သော သတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိလာအောင် လုပ်ပေးနိုင်သလို လက်ရှိဖြစ်ပေါ်နေသော သဘောထားအမြင်များအတွင်း ကွဲပြားမှုများနှင့် လူနည်းစုအုပ်စုများ၏ ရပ်တည်ချက် အနေအထားများကိုလည်း ကိုယ်စားပြုဖော်ပြနိုင်ပါသည်။ ထို့အပြင် နိုင်ငံရေးအရ အပေးအယူ၊ စေ့စပ်ညှိနှိုင်းမှု လုပ်နိုင်သည့်နည်းလမ်းကို ညွှန်ပြပေးနိုင်ပြီး ရွေးကောက်ပွဲရလဒ်များအတွက် အဆင်သင့်ဖြစ်နေစေရန် နိုင်ငံရေးပါတီများနှင့် ပြည်သူလူထုကို ပြင်ဆင်ပေးထားနိုင်ပါသည်။

အနောက်နိုင်ငံများတွင် ပြည်သူလူထုသည် ပုံမှန်ပြုလုပ်သော သဘောထားစစ်တမ်းများကို မျှော်လည်း မျှော်လင့်ထားသလို လက်ခံလည်းလက်ခံကြပါသည်။ သို့သော် မြန်မာနိုင်ငံတွင်တော့ အမြဲတမ်း ဤသို့မဟုတ်ပါ။ မြန်မာနိုင်ငံတွင် ဈေးကွက်စစ်တမ်းကို လုပ်ဆောင်ထားသည်မှာ ဆယ်စုနှစ်နှင့်ချီ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း နိုင်ငံရေးသဘောထားများကို စစ်တမ်းကောက်ယူခြင်းသည် အတော်အသင့် ဆန်းသစ်သောကိစ္စ ဖြစ်နေပါသည်။ သဘောထားစစ်တမ်း ကောက်ယူသည့် နယ်ပယ်ထဲတွင် လုပ်ကိုင်နေသော အဖွဲ့အစည်းများအနေဖြင့် အဓိကစိန်ခေါ်မှု ၄ ခုကိုရင်ဆိုင်နေရပါသည်။ ပထမတစ်ခုမှာ ယုံကြည်အားထားလောက်သော သန်းခေါင်စာရင်း သို့မဟုတ် မဲပေးသူမှတ်ပုံတင် အချက်အလက်များ မရှိပဲ၊ တယ်လီဖုန်းသို့မဟုတ် အင်တာနက်ကို ပြည့်စုံလုံလောက်အောင် အသုံးပြုနိုင်ခြင်းမရှိပဲ စစ်တမ်းတွင် ပါဝင်မည့်သူ (sample) ရွေးချယ်ရခြင်းဖြစ်သည်။ ဒုတိယမှာ မြန်မာနိုင်ငံရှိ တိုင်းရင်းသားအုပ်စု အများအပြားအတွက် အဆင်ပြေနိုင်စေရန် စစ်တမ်းမေးခွန်းများကို ဘာသာစကားအများအပြားဖြင့် ဖော်ပြနိုင်သည့် နည်းလမ်း အလွယ်တကူမရှိခြင်းဖြစ်သည်။ တတိယစိန်ခေါ်မှုမှာ လူတွေ့မေးမြန်းသူများနှင့် သက်ဆိုင်ပါသည်။ လူတွေ့မေးမြန်းသူများ၏ လူမှုနောက်ခံ အနေအထားများနှင့် မေးခွန်းဖြေသူများ၏ လူမှုနောက်ခံအနေအထား ကွာခြားချက်များကြောင့် ဘက်လိုက်မှုမကင်းသော အဖြေများပေးလာနိုင်ရာ ထိုကဲ့သို့ အဖြေများကို ကိုင်တွယ်နိုင်အောင် လေ့ကျင့်ထားခြင်းရှိမရှိနှင့်၊ မှန်မှန်ကန်ကန်ဖော်ပြနိုင်ခြင်း ရှိမရှိဆိုသည့် စိန်ခေါ်မှုပင်ဖြစ်ပါသည်။ နောက်ဆုံးအနေဖြင့် သဘောထားစစ်တမ်း ကောက်ယူသည့်အုပ်စုများ၊ လူတွေ့မေးမြန်းသူများသည် မေးခွန်းဖြေကြားသူများ၏ လျှို့ဝှက်ချက်များကို စောင့်ထိန်းပေးရသည့် အခက်အခဲဖြစ်ပါသည်။

ထိုကဲ့သို့ ပြဿနာများသည် မြန်မာနိုင်ငံတစ်ခုတည်းတွင်သာ ရှိနေသည်မဟုတ်ပါ။ ကမ္ဘာတခွင်ရှိ သဘောထားစစ်တမ်း ကောက်ယူသူများသည်လည်း အလားတူ အကျပ်အတည်းများကို ကိုင်တွယ်ဖြေရှင်းနေရပါသည်။ မြန်မာနိုင်ငံတွင် အခြေအနေကို ပို၍ခက်ခဲစေသည့်အချက်မှာ သဘောထားစစ်တမ်း ကောက်ယူခြင်းကို အသစ်အဆန်းအဖြစ် ရှုမြင်နေကြခြင်း ဖြစ်ပါသည်။ သဘောထားစစ်တမ်းများ၏ သဘောသဘာဝကို နားလည်သူမှာ(အရပ်ဖက်အဖွဲ့အစည်းများ

နှင့် နိုင်ငံရေးပါတီများအတွင်း၌ပင်) မရှိသလောက်နည်းပါးပြီး စစ်တမ်းရလဒ်၏ အချို့အစိတ်အပိုင်းများကို သဘောကျခြင်း မရှိသည်နှင့် စစ်တမ်းတစ်ခုလုံးကို ပစ်ပယ်ကြသူများ အများအပြားပင်ရှိနေပါသည်။ ထိုသူများ၏ ဝေဖန်မှုများကို ဤအစီရင်ခံစာတွင် ဆန်းစစ်ထားပြီး ရှင်းလင်းချက်ပေးထားပါသည်။ ဝေဖန်မှုများတွင် အများဆုံးတွေ့ရသည်မှာ စံနမူနာ ရွေးချယ်ထားသော အရေအတွက်သည် မည်မျှပင်များပါစေ မြန်မာနိုင်ငံကဲ့သို့ ကြီးမားပြီး စုံလင်လှသောနိုင်ငံတွင် မတူ ကွဲပြားမှုများကို ပြည့်ပြည့်စုံစုံ ဖမ်းဆုပ်တင်ပြနိုင်ခြင်း မရှိဆိုသော ဝေဖန်မှုဖြစ်ပါသည်။

အဆိုပါ နားလည်မှု လွဲမှားခြင်းများကို ဖြေရှင်းပေးရန်နှင့် လုပ်ဆောင်မှုများ တိုးတက်ကောင်းမွန်စေဖို့ ဖြစ်နိုင် ချေရှိပါသည်။ ဤအစီရင်ခံ၌ ချက်ချင်းလုပ်ဆောင်ရမည်များကို အကြံပြုချက်များ ထည့်သွင်းထားရာ ယခုနှစ် ပါလီမန်ရွေးကောက်ပွဲများ မတိုင်မီ အကောင်အထည်ဖော်နိုင်ပါသည်။ ထိုအကြံပေးချက်များတွင် သဘောထားစစ်တမ်း ကောက်ယူခြင်းနှင့် ပတ်သက်ပြီး အကြံဉာဏ်များ၊ အနက်အဓိပ္ပါယ် ကောက်ယူရာတွင် ထားရှိရမည့်မူဘောင်များ၊ သဘောထားစစ်တမ်း အချက်အလက်များအား အသုံးပြုလာနိုင်ချေရှိသူများကို လေ့ကျင့်ပေးခြင်းတို့ပါဝင်သည်။ သဘောထားစစ်တမ်း နယ်ပယ်ကို အားကောင်းသန်မာလာစေဖို့ ရေရှည်ပြောင်းလဲမှုများ ဖြစ်ပေါ်ရန်အတွက်ဆိုလျှင် သဘောထားစစ်တမ်း ကောက်ယူသူများထံမှ၊ သဘောထားစစ်တမ်း ကောက်ယူရန် တာဝန်ပေးစေခိုင်းသူများ၊ စစ်တမ်းပါအချက်အလက်များကို သုံးစွဲမည့်သူများထံမှ စဉ်ဆက်မပြတ် အာရုံစိုက်လုပ်ကိုင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ လိုပါသည်။ အရေးအကြီးဆုံး အချက်အနေနှင့် ဆိုရလျှင် သဘောထားစစ်တမ်း ကောက်ယူသည့်အဖွဲ့များသည် ၎င်းတို့၏ အချက်အလက်များကို အများပြည်သူအတွက် ဆက်လက်ထုတ်ပြန်ပေးနေသင့်သည်။ သဘောထားစစ်တမ်း ပြုစုခိုင်းသူများနှင့် ပြုစုသူများသည် ၎င်းတို့၏အလုပ်ကို ပုံမှန်ပြုလုပ်ပေးဖို့ လိုပါသည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် သဘောထားစစ်တမ်းများသည် ဒီမိုကရေစီဖြစ်စဉ်၏ ပုံမှန်အစိတ်အပိုင်းတစ်ခုဟု မြင်လာအောင် ပြည်သူလူထုကို သင်ကြားပေးနိုင်ပြီး အတောင်အလက်စုံလင် ပြည့်ဝသော ဒီမိုကရေစီအဖြစ်သို့ အသွင်ကူးပြောင်းရေးတွင် နောက်ထပ်ခြေလှမ်းတစ်ခုလည်း ဖြစ်လာပါလိမ့်မည်။

Kathleen A. Frankovic ကြီးကြပ်ပြီး
Mahar Mangahas နှင့် Ibrahim Suffian
တို့ပါဝင်ရေးသားသည်။

# မာတိကာ


နိဒါန်း ........................................ ၈

သဘောထားစစ်တမ်း ကောက်ယူခြင်း ဘာကြောင့် အရေးကြီးလဲ ........................................ ၉

မြန်မာနိုင်ငံတွင် စစ်တမ်းကောက်ယူနိုင်သည့် စွမ်းရည် ........................................ ၁၂

သဘောထားစစ်တမ်း ကောက်ယူခြင်းဆိုင်ရာ ပြဿနာများ

- စစ်တမ်းကောက်ခံမှုတွင်ပါဝင်ဖြေကြားမည့်သူရွေးချယ်ခြင်း(sample selection) ........................................ ၁၄
- လူတွေ့မေးမြန်းရာတွင် အသုံးပြုသော ဘာသာစကား ........................................ ၁၆
- လူတွေ့မေးမြန်းသူများ။ ။လေ့ကျင့်ပေးခြင်းနှင့် မေးသူ-ဖြေသူအကျိုးသက်ရောက်မှု........................................ ၁၈
- လူတွေ့မေးစဉ် လျှို့ဝှက်ရေးနှင့်သီးသန့်လွတ်လပ်ခွင့် ........................................ ၁၈

စစ်တမ်းများကို အစီရင်ခံစာရေးသားတင်ပြခြင်းနှင့် အချက်အလက်များကို နားလည်ခြင်း........................................ ၂၀

မြန်မာနိုင်ငံအတွင်း စစ်တမ်းကောက်ယူခြင်းအပေါ် ဝေဖန်ချက်များအား သုံးသပ်ဖြေရှင်းခြင်း........................................ ၂၂

အကြံပြုချက်များ ........................................ ၂၅

နောက်ဆက်တွဲများ ........................................ ၂၈

- ၁။ လေ့လာဆန်းစစ်မှုပြုလုပ်သည့်ကျွမ်းကျင်သူများကော်မတီ ........................................ ၂၈
- ၂။ အစီရင်ခံစာတွင်တွေ့ဆုံမေးမြန်းထားသော အဖွဲ့အစည်းများ ........................................ ၂၉
- ၃။ အစီရင်ခံစာအတွင်း ကိုးကားထားသော စာအုပ်စာတမ်း အရင်းအမြစ်များ ........................................ ၃၀

# နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း သဘောထားစစ်တမ်းများကို ပညာရှင်ဆန်ဆန်၊ ဂုဏ်သိက္ခာရှိစွာဖြင့် ကောက်ယူစုဆောင်းတင်ပြနေကြသော ပြည်တွင်းအုပ်စုများ၊ နိုင်ငံတကာ အဖွဲ့အစည်းကြီးများ၏ စွမ်းဆောင်ရည်ကို ယခုအစီရင်ခံစာတွင် သုံးသပ်တင်ပြထားပါသည်။ ၂၀၁၅ ခုနှစ် ပါလီမန်ရွေးကောက်ပွဲများ မတိုင်ခင်လုပ်ဆောင်သော သဘောထားစစ်တမ်းများကို အထူးရည်ညွှန်းပါသည်။ နစ်ကုန်ရွေးကောက်ပွဲနှင့် ဒီမိုကရေစီစနစ်ဆီသို့ ဦးတည်ရွေ့လျားလာချိန်တွင် သဘောထားစစ်တမ်းများမှ ထွက်ပေါ်လာသော အချက်အလက်များသည် နိုင်ငံရေးဖြစ်စဉ်များ၊ မူဝါဒချမှတ်ခြင်း လုပ်ငန်းစဉ်များအားမည်သို့အထောက်အကူပြုနေကြသည်ကိုပိုင်းခြားစိတ်ဖြာရာတွင်အရေးကြီးသည့်ခြေလှမ်းတစ်ခုအဖြစ် သဘောထားကာ အစီရင်ခံစာကို ရေးသားပါသည်။

၂၀၁၁ ခုနှစ်မှစ၍ အစိုးရသည် လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများအား နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပိုမို ပါဝင်လာခွင့် အခြေအနေပေးခဲ့သည်။ ထိုအချိန်မှစ၍ ပြည်တွင်းနှင့်ပြည်ပ အကျိုးဆိုင်အဖွဲ့အစည်းများသည် အမျိုးမျိုးသော အခြေအနေများပေါ် ထားရှိသည့် လူထု၏ သဘောထား သိနိုင်ရန်အတွက် သဘောထား စစ်တမ်း ကောက်ယူခြင်းကို အသုံးပြုလာကြသည်။ မြန်မာနိုင်ငံတွင် သဘောထားစစ်တမ်းများကို ယနေ့အချိန်ထိ အနည်းငယ်သာ ကောက်ယူရသေးသော်လည်း ၎င်းတို့နှင့် ပတ်သက်၍ မေခွန်းများထွက်ပေါ်လာပါသည်။ သဘောထားစစ်တမ်း ကောက်ယူသည့် အနေအထားများနှင့် ပတ်သက်ပြီး ပြန်လည်လေ့လာသုံးသပ်ဖို့ လိုနေပြီဟု ထိုမေးခွန်းများက ပြဆိုနေပါသည်။ ယခုအစီရင်ခံစာသည် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံရေးဇာတ်ကောင်များနှင့် နိုင်ငံသားများအားလုံးအတွက် အကျိုးရှိစေပါလိမ့်မည်။ စည်းစနစ်ကျစွာ ကောက်ခံထားသော သဘောထားစစ်တမ်းများကို နားလည်အောင်ကြိုးစားခြင်းနှင့် အနက်အဓိပ္ပါယ်ကောက်ယူရာတွင်လိုအပ်သည့် အခြေခံကောင်းများကို ပေးနိုင်ပါလိမ့်မည်။ သဘောထားစစ်တမ်းများနှင့် ပတ်သက်ပြီး နားလည်မှု လွဲမှားခြင်းများ မဖြစ်စေရန်လည်း ကြိုတင်တားဆီးပေးပါလိမ့်မည်။

Open Society Foundations သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတကာမှ ကျွမ်းကျင်သူ ပညာရှင် ၃ ဦးကို ဖိတ်ကြားခဲ့ပြီး သူတို့သည် နေပြည်တော်နှင့် ရန်ကုန်တွင် ၆ ရက်ကြာနေထိုင်ကာ သဘောထားစစ်တမ်းသည့် ကုမ္ပဏီများ၊ ဈေးကွက်သုတေသန လုပ်ဆောင်သည့် ကုမ္ပဏီများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီအဖွဲ့ဝင်များကို လူတွေ့မေးမြန်းမှုများ လုပ်ဆောင်ရင်း ၆ ရက်ကြာနေထိုင်ခဲ့ပါသည်။ ထိုသို့လုပ်ဆောင်ရသည့် ရည်ရွယ်ချက်မှာ သဘောထားစစ်တမ်း ကောက်ခံပြီး တင်ပြနေသည့် နည်းလမ်းများကို ပြန်လည်သုံးသပ်မိစေရန်ဖြစ်ပြီး ပိုမိုကောင်းမွန်သည့် နည်းလမ်းများဖြင့် ကောက်ခံတင်ပြနိုင်ရန် နည်းလမ်းများကို အကြံပြုပေးသွားဖို့ဖြစ်ပါသည်။
ပညာရှင် ၃ ယောက်တို့မှာ

Kathleen A. Frankovic ။ ။ ကက်သလင်းအေဖရန်ကိုဗစ်၍။ ရွေးကောက်ပွဲနှင့် စစ်တမ်းကောက်ယူခြင်း အတိုင်ပင်ခံပညာရှင်၊ CBS သတင်းဌာန စစ်တမ်းကောက်ယူရေး ဒါရိုက်တာ(အငြိမ်းစား)၊ World Associations for Public Opinion Research နှင့် American Associations for Public Opinion Research နှစ်ဖွဲ့လုံးတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့။ ၂၀၁၂ ဂျော်ဂျီယာသမ္မတနိုင်ငံ ရွေးကောက်ပွဲများအပြီးတွင် OSF ၏ လူထုသဘောထား အကဲဖြတ်လေ့လာရေး အဖွဲ့ကို ဦးဆောင်ခဲ့သည် [၁] ။

---

၁။ နိုင်ငံတကာဈေးကွက်နှင့် သဘောထားစစ်တမ်းသုတေသန အသင်းကြီးများဖြစ်သော ESOMARနှင့် WAPOR တို့၏ အကူအညီဖြင့် အကဲဖြတ်ဆန်းစစ်မှုကို လုပ်ဆောင်ခဲ့သည်။ မေးခွန်းဖြေသူများကြားတွင် အစိုးရပါဝင်ပတ်သက်မှု ရှိနိုင်သည့် သံသယများကို အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားပြီး ဂျော်ဂျီယာ စစ်တမ်းကောက်သူများ၏ နည်းစနစ်နှင့် ဂုဏ်သိက္ခာကို တိုးတက်အောင် လုပ်နိုင်မည့် နည်းလမ်းများကို အကြံပြုထားသည်။ ရွေးကောက်ပွဲမတိုင်မီ ရက်သတ္တပတ်များအလိုတွင် စစ်တမ်းကောက်ယူခြင်း အများစုကို ရပ်ဆိုင်းခဲ့ပြီး ပူးပူးနွေးနွေးဖြစ်ပွားသွားသည့် အစိုးရအဖွဲ့အတွင်း အရှုပ်တော်ပုံများကို ထည့်သွင်းမစဉ်းစားသဖြင့် ရွေးကောက်ပွဲရလဒ်များကို ဂျော်ဂျီယာ သဘောထားစစ်တမ်းများက မခန့်မှန်းနိုင်ခဲ့ကြောင်းကိုပါ ထောက်ပြထားသည်။ တည်ဆောက်ခါစ ဒီမိုကရေစီနိုင်ငံများတွင် သဘောထာစစ်တမ်းများ ကောက်ယူခြင်းအရေးကြီးပုံကို ဂျော်ဂျီယာအတွေ့အကြုံက ထင်ရှားအောင် ပြနေသည်။ ရွေးကောက်ပွဲအကြို ဂျော်ဂျီယာသဘောထားစစ်တမ်းများနှင့် ၎င်းတို့၏တိကျမှုအကြောင်း ထုတ်ထားသော မေးခွန်းများက ရွေးကောက်ပွဲအကြို ဆွေးနွေးမှုများတွင် အဓိကနေရာကို ယူထားခဲ့သည်။

Mahar Mangahas ။ ။ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ Social Weather Stations ကို တည်ထောင်သူနှင့် ဒါရိုက်တာ။ သူသည် SWS ကို လွန်ခဲ့သည့် နှစ်ပေါင်း၃၀ အကြာက တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ပြည်သူ့သဘောထားစစ်တမ်းများ ကောက်ယူခွင့်၊ မဲရုံအထွက်စစ်တမ်းများ လွတ်လပ်စွာ ကောက်ယူခွင့်ရရှိရေးတို့အတွက် တိုက်ပွဲဝင်ခဲ့သည်။

Ibrahim Suffian ။ ။ မလေးရှားနိုင်ငံ ကွာလမ်လာပူရှိ တစ်ခုတည်းသော ပြည်သူ့သဘောထားစစ်တမ်း သုတေသနအဖွဲ့ကြီး Merdeka Center ၏ ဒါရိုက်တာ။[၂]

အစိုးရ၊ အတိုက်အခံ၊ ဈေးကွက်သုတေသန အသိုက်အဝန်း၊ အန်ဂျီအိုများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုနိုင်သည့် လူပုဂ္ဂိုလ်ပေါင်း ၅၀ ကျော်ကို ပညာရှင်အဖွဲ့မှ တွေ့ဆုံခဲ့ပါသည်။ ထိုသို့ တွေ့ဆုံသူများထဲမှ အများအပြားမှာ စစ်တမ်းသုတေသန ပြုစုခြင်းများကို လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း ကိုယ်တိုင်လုပ်ဆောင်ထားပါသည်။ အချို့မှာ အချက်အလက် သက်သက်ကိုသာ ကောက်ယူသူများဖြစ်ကြပါသည်။ အချို့မှာ ထိုကဲ့သို့ စာရင်းဇယားကောက်ယူပြုစုခြင်းများကို ထောက်ခံသူများနှင့် ကန့်ကွက်ဝေဖန်သူများ ဖြစ်ပါသည်။ စစ်တမ်းကောက်ယူ ပြုစုသူများသည် သူတို့အသုံးပြုသော နည်းလမ်းများအကြောင်း ကျွန်တော်တို့ကို ပွင့်ပွင့်လင်းလင်းပင် ပြောပါသည်။ သဘောထားစစ်တမ်းကို ဝေဖန်သူများကလည်း သူတို့၏ မေးခွန်းများနှင့် စိုးရိမ်ပူပန်မှုများကို ကျွန်တော်တို့နှင့် ဖွင့်ဟပါသည်။ သူတို့အားလုံး၏ ပြောဆိုမှုများ၊ ဝေဖန်မှုများသည် ကျွန်တော်တို့အတွက် အလွန်တရာ အသုံးဝင်လှပြီး ထိုအတွက် သူတို့ကို ကျေးဇူးအထူးတင်မိပါသည်။

မြန်မာနိုင်ငံတွင် ကောက်ခံနေသော သဘောထားစစ်တမ်းများ၏ အနေအထားကို လေ့လာကြမည့် ကျွန်တော်တို့ အဖွဲ့၏ အလုပ်တာဝန်သည် ၂၀၁၄ ခုနှစ်ဧပြီလတွင် အများပြည်သူသိ ပထမဆုံး ထုတ်ပြန်ပေးသည့် သဘော ထားစစ်တမ်းတစ်ခုကြောင့် အုတ်အောင်သောင်းနင်း ဖြစ်မှုကိုသိရှိရပြီးနောက် ပို၍အရေးကြီးလာပါသည်။ ထိုသဘော ထားစစ်တမ်းအတွက် လူတွေ့မေးမြန်းမှုများကို Myanmar Survey Research က လုပ်ဆောင်ခဲ့ပြီး International Republican Institute က ထုတ်ပြန်ခဲ့ပါသည်။ ထုတ်ပြန်လိုက်သော ရလဒ်များထဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် သမ္မတကို ပြည်သူလူထုက တချို့သောကိစ္စရပ်များတွင် အကောင်းမြင် သဘောကျမှုများ ရှိနေသည်ဟု ဖော်ပြထားရာ မီဒီယာများ၊ အတိုက်အခံအဖွဲ့ဝင်များ၊ သူတို့၏အနောက်တိုင်းမှ ထောက်ခံသူများက ဒေါသတကြီးဖြင့် တုံ့ပြန်ခဲ့ပါသည်။ အချက်အလက်များကို အများပြည်သူအတွက် ထုတ်ပြန်ပေးရာတွင် အကန့်အသတ်များရှိနေပြီး မေးခွန်းများကို တမင်တကာ ချန်လုပ်ထားခဲ့သည်ဟု အချို့ကပြောပါသည်။ မေးခွန်းဖြေကြားသူများသည် အမှန်တိုင်း ထုတ်ဖော်ပြောဆိုဖို့ စိတ်ဆန္ဒမရှိ ဖြစ်နေကြပြီး မေးခွန်းဖြေမည့်သူများအား ရွေးချယ်ရာတွင် ဒေသခံအာဏာပိုင်များ၏ စွက်ဖက်ခြယ်လှယ်မှုများရှိနေနိုင်သည်ဟုလည်း အချို့က စိုးရိမ်ပူပန်ကြပါသည်။ ဘက်လိုက်မှုကင်းမဲ့ပြီး သိမ်မွေ့နူးညံ့သော အနေအထားရှိသည့် IRI သဘောထားစစ်တမ်း ရလဒ်များသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ကို ပြည်သူလူထုက တခဲနက်ထောက်ခံကြပြီး အစိုးရကို ဆန့်ကျင်ကြသည်ဆိုသော သမာရိုးကျဇာတ်လမ်းနှင့် ဖီလာဆန့်ကျင်ဖြစ်ခဲ့ပါသည်။

# သဘောထားစစ်တမ်း ကောက်ယူခြင်း ဘာကြောင့်အရေးကြီးလဲ

မည်သည့် တိုင်းပြည်တွင်မဆို အဓိက အခဆုံးအဖြတ်ပေးမည့် ရွေးကောက်ပွဲများ မတိုင်မီ သဘောထားစစ်တမ်း ကောက်ခံရခြင်းအတွက် ခိုင်မာသည့် အကြောင်းပြချက်များ ရှိပါသည်။ နိုင်ငံအဆင့် ကိုယ်စားပြုမှုတွင် အပြောင်းအလဲများ ဖြစ်ပေါ်နိုင်သည့် ရွေးကောက်ပွဲမျိုးဆိုလျှင် အကြောင်းပြချက်ကောင်းများ ပို၍ ရှိနေနိုင်ပါသည်။ မြန်မာနိုင်ငံကဲ့သို့ ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများ၊ သုတေသနစစ်တမ်း ကောက်ယူပြုစုခြင်းများနှင့် ပတ်သက်ပြီး ပူပူနွေးနွေး သမိုင်း ကြောင်း ရှိမထားသည့် နိုင်ငံများအတွက်ဆိုလျှင် သဘောထားစစ်တမ်း ကောက်ခံရခြင်းအတွက် အကြောင်းပြချက်များ သာ၍ပင်ရှိနေနိုင်ပါသည်။ သဘောထားစစ်တမ်းများသည် တည်ဆောက်ဆဲ ဒီမိုကရေစီ နိုင်ငံများအတွက် အထူး ကောင်းမွန်သည့် အရင်းအမြစ်များဖြစ်ကြပြီး ရည်ရွယ်ချက်များစွာအတွက် အသုံးဝင်နိုင်ပါသည်။

ပါတီများသည် မဲပေးသူပြည်သူများ၏ လိုအပ်ချက်များနှင့် ဆန္ဒများကို နားလည်နိုင်ရန်၊ ပြည်သူလူထုကို ပိုကောင်းကောင်း ကိုယ်စားပြုနိုင်ရန် အချက်အလက်များ လိုအပ်ပါသည်။ သို့သော် ထိုအချက်လက်များသည်

---

၂။ ပိုမိုပြည့်စုံသော ကိုယ်ရေးရာဇဝင်များကို နောက်ဆက်တွဲတွင်ကြည့်ပါ။

ပြည်သူလူထုကို မှန်မှန် ကန်ကန် ကိုယ်စားပြုနိုင်ရပါမည်။ အချက်အလက် ကောက်ယူစုဆောင်းသူများသည် မေးခွန်းဖြေကြားမည့်သူများကို ရွေးချယ်ရာတွင် ထားရှိသည့် အများလက်ခံ စံသတ်မှတ်ချက်များကို လိုက်နာဖို့လိုပါသည်။ မေးခွန်းမေးသူဖြေသူကြား ကောင်းမွန်သည့်ဆက်ဆံရေးကို ထူထောင်ဖို့လိုပါသည်။ နိုင်ငံတကာ လက်ခံထားသော ကျင့်ဝတ်စံနှုန်းများကို လိုက်နာဖို့ လိုပါသည်။[၃] ရရှိလာသည့် အချက်အလက်များကို ဘက်လိုက်မှုမရှိပဲ တရားမျှတစွာဖြင့် ဆန်းစစ်နိုင်ဖို့လိုပါသည်။

အစိုးရအာဏာအလွဲသုံးစားလုပ်မှုများမဖြစ်အောင်လည်းသဘောထားစစ်တမ်းများကဟန့်တားထိန်းကျောင်းနိုင်ပါသည်။ အစိုးရဝန်ဆောင်မှုများကို ပြည်သူလူထုက ကျေနပ်အားရခြင်းရှိမရှိ သိအောင်လုပ်ခြင်း၊ အစိုးရအနေဖြင့် ဖြေရှင်းပေးရမည့် ပြဿနာများကို ဖော်ထုတ်ခြင်းတွင် သဘောထားစစ်တမ်းများအား အသုံးပြုနိုင်သည်ကိုတော့ စစ်တမ်း ဝေဖန်ကန့်ကွက်သူများအပါအဝင် ကျွန်တော်တို့နှင့် စကားပြောသူများက လက်ခံကြပါသည်။ အတိုက်အခံပါတီ ကိုယ်စားလှယ်များသာမက အစိုးရနှင့် လက်ရှိအာဏာရပါတီ ကိုယ်စားပြုသူများသည်လည်း အလားတူသဘောထားမျိုး ရှိကြပါသည်။ အစိုးရတစ်ရပ်လုံး၏ လုပ်ဆောင်မှုကို ညွှန်ပြနိုင်သည့် နည်းလမ်းအဖြစ် သဘောထားစစ်တမ်းများအား အသုံးပြုခြင်းအပေါ် ဆန့်ကျင်ကန့်ကွက်သူဟူ၍ မရှိသလောက်ပင်နည်းပါးပါသည်။

မြန်မာနိုင်ငံသည် လူနည်းစုအုပ်စုများ အများအပြားရှိနေသော နိုင်ငံဖြစ်ပြီး ၎င်းတို့ထဲမှ အချို့မှာ ဆယ်စုနှစ်နှင့်ချီ၍ အစိုးရနှင့် တိုက်ပွဲများ ဖြစ်နေပါသည်။ သဘောထားစစ်တမ်းများ၊ အထူးသဖြင့် စစ်တမ်းတွင်ပါဝင်ဖြေကြားမည့်သူအရေအတွက် (sample) ကို များများစားစားကျယ်ကျယ်ပြန့်ပြန့် ရယူဖို့ရည်ရွယ်ထားသော သဘောထားစစ်တမ်းသည် လူများစုသာမက လူနည်းစုကိုပါကိုယ်စားပြုနိုင်သည်။ ထို့ပြင်လူမျိုးစု အတွင်းတွင်ရှိသော တူညီမှုများနှင့် ခြားနားချက်များ၊ လူနည်းစုများနှင့် လူများစုလူမျိုးများကြား တူညီမှုများနှင့် ခြားနားချက်များကိုလည်း ကိုယ်စားပြုဖော်ပြနိုင်ပါသည်။ သဘောထားစစ်တမ်း ကောက်ယူခြင်းမှတဆင့် သိရှိလာသော အချက်များပေါ်မူတည်၍ ဒေသဆိုင်ရာနှင့် နိုင်ငံအဆင့်ခေါင်းဆောင်များသည် လူနည်းစုများ၏ လိုအပ်ချက်များကို အကဲဖြတ်တွက်ချက် နိုင်ပါသည်။ ထိုမှတဆင့် လူနည်းစုများနှင့် လူများစုတို့ အားလုံးလက်ခံထားကြသည့် ကွဲပြားခြားနားချက်များ ပြဿနာများကို မြန်မာနိုင်ငံတွင်းရှိ ပြည်သူတစ်ရပ်လုံးက ပိုကောင်းကောင်း နားလည်သွားနိုင်ပါသည်။

တိုင်းရင်းသားအုပ်စုများနှင့် နိုင်ငံရေးပါတီများ ကွဲပြားနေသော်လည်း သဘောထားကွဲပြားမှုများ မဖြစ်ပဲ သဘောတူညီမှုများသာ ပိုမိုဖြစ်ပေါ်လာနိုင်သော အကြောင်းကိစ္စများလည်း ရှိပါလိမ့်မည်။ ထိုကဲ့သို့ ဘုံရပ်တည်ချက်များတွေ့ရှိနိုင်ပြီး ညှိနှိုင်း၍ရနိုင်သော အကြောင်းကိစ္စများသည် သာမန်အချိန်များတွင် စည်းဝေးငြင်းခုံနေရုံဖြင့် နှစ်ဖက်လုံးအတွက် ထင်ရှားမလာနိုင်ပဲ သဘောထားစစ်တမ်းများ ကောက်ယူခြင်းဖြင့်သာ ပေါ်ထွက်လာနိုင်ပါသည်။

လူ့ဦးရေတစ်စုံလုံးအတွင်းရှိမြောက်များလှစွာသော သဘောထားအမြင်များနှင့် ကွဲပြားခြားနားချက်များကို သဘောထားစစ်တမ်းများက သရုပ်ဖော်ပြသနိုင်ပါသည်။ လက်ရှိအာဏာရပါတီနှင့် အတိုက်အခံပါတီတို့ကို တပြိုင်နက်တည်း ထောက်ခံသဘောကျနေသော လူပုဂ္ဂိုလ်များကိုပင် သဘောထားစစ်တမ်းများက ထုတ်ဖော်ပြသနိုင်ပါသည်။ လူတစ်ယောက်သည် အချို့သော အကြောင်းကိစ္စများနှင့် ပတ်သက်ပြီး အချို့သောအချိန်များတွင် လူများစုအုပ်စုအတွင်း ပါဝင်နေတတ်ပြီး အချို့သောပြဿနာများနှင့် ပတ်သက်ပြီး အချို့အချိန်များတွင်တော့ လူနည်းစုဝင်ဖြစ်နေသည်မျိုးလည်း ရှိတတ်ပါသည်။ အချို့သော အကြောင်းကိစ္စများတွင်တော့ သဘောထားအစစ်အမှန်ကို မဖော်ပြသလောက်ပင်ဖြစ်ပါသည်။ ထို့ကြောင့် အချိန်နှင့်အမျှ ဖြစ်ပေါ်ပြောင်းလဲနေသော ဒီမိုကရေစီဖြစ်စဉ်ကို သရုပ်ထင်ဟပ်နိုင်ခြင်းကြောင့် သဘောထားစစ်တမ်းပါ သတင်းအချက်အလက်များသည် နိုင်ငံရေးအသွင်ကူးပြောင်းမှု လုပ်ဆောင်နေသော နိုင်ငံများအတွက် အထူးသဖြင့် အသုံးဝင်ပါသည်။ [၄]

ဖိလစ်ပိုင်နိုင်ငံရှိ အဖွဲ့အစည်း တစ်ခုဖြစ်သော Social Weather Stations သည် ဆင်းရဲမွဲတေမှု၊ ဆာလောင်ငတ်မွတ်မှု၊ ရာဇဝတ်မှုကြောင့် အတိဒုက္ခရောက်မှု၊ အထွေထွေဘဝအရည်အသွေးနှင့် အစိုးရအပေါ်ကျေနပ်ခြင်းရှိမရှိ

---

၃။ ESOMAR/ICC Code တွင် ပြောထားသကဲ့သို့။

၄။ နိုင်ငံသားများသည် သူတို့၏နိုင်ငံရေး လိုလားဆန္ဒများကို လွတ်လပ်စွာဖော်ထုတ်နိုင်သည်ဟု ၎င်းကယူဆသည်။ မြန်မာနိုင်ငံတွင် သဘောထားစစ်တမ်းဖြေသူများသည် ရိုးသားမှုရှိသည်ဟု စစ်တမ်းကောက်ယူသူများနှင့် စစ်တမ်းအတွက် ငွေကြေးစိုက်ထုတ်ပေးသော နိုင်ငံတကာအဖွဲ့အစည်းများက ယုံကြည်သော်လည်း နှစ်ပေါင်းများစွာ အာဏာရှင်စနစ်အောက်တွင် နေထိုင်ခဲ့ရခြင်းကြောင့် လွတ်လပ်စွာပြောဆိုခြင်းကို တားမြစ်ထားခဲဖြစ်သည်။ ဥပမာ၊ မလေးရှားနိုင်ငံတွင် မေးခွန်းဖြေသူများသည် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံရှိ မေးခွန်းဖြေသူများထက်ပို၍ သတိထားဖြေဆိုကြသည်။

ဆိုသည့်ကိစ္စများပေါ်တွင် ပြည်သူများကိုယ်တိုင်၏ ယူဆချက်များကို ဆယ်စုနှစ် ၃ ခုကြာအောင် တိုင်းတာခဲ့ပါသည်။ တူညီသောမေးခွန်းများကို အချိန်ကာလအပိုင်းအခြားမှန်မှန် သိပ္ပံနည်းကျကျ မေးမြန်းခြင်းသည် တိုင်းပြည်အခြေအနေနှင့် တိုင်းပြည်က သွားကောင်းသွားနေနိုင်သော ဦးတည်လမ်းကြောင်းများနှင့် ပတ်သက်ပြီး ခေါင်းဆောင်များနှင့် ပြည်သူများအတွက် ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များကို ပေးအပ်နိုင်ပါသည်။ လူထုသဘောထားအမြင်တွင် အပြောင်းအလဲများရှိသည် ဆိုလျှင်လည်း စောစောစီးစီးညွှန်ပြပေးနိုင်ပါသည်။

မူဝါဒချမှတ်ရာတွင် ရှိနေတတ်သော မှားယွင်းယူဆချက်များကို သဘောထားစစ်တမ်းများကြောင့် ကျော်လွှားသွားနိုင်ပါသည်။ စိုးရိမ်ပူပန်မှုများ ရှိနေသော အခြေအနေမျိုးမှာပင် စစ်တမ်းများက အသုံးဝင်နိုင်ပါသည်။ တိုင်းရင်းသားလူမျိုးစုံရှိသော မလေးရှားနိုင်ငံတွင် မတူညီသော လူအုပ်စုများသည် အစိုးရမူဝါဒများကို မည်သို့မည်ပုံ ရှုမြင်ကြပြီး လက်ရှိပြဿနာများကို မည်သို့တုံ့ပြန်ကြသည်ကို နားလည်အောင်ကြိုးစားရာတွင် သဘောထားစစ်တမ်းများက အထောက်အကူပြုနိုင်ကြောင်း ပြသထားပါသည်။ ဥပမာ၊ တစ်နိုင်ငံလုံးအနေအထားဖြင့်ဖွင့်ထားသော ကျောင်းများတွင် လူနည်းစုအုပ်စုများမှ ကလေးများတက်ရောက်မှုနည်းနေခြင်း(သူတို့၏ ဒေသန္တရကျောင်းများကိုသာ တက်ရောက်ဖို့ ရွေးချယ်ခြင်း)သည် သူတို့ ကိုယ်ပိုင်ယဉ်ကျေးမှုကို ထိန်းသိမ်းချင်သောကြောင့်ဟု ယူဆထားခဲ့ကြသည်။ သို့သော် ကျောင်းရွေးချယ်ခြင်းကို ဘာသာစကားကျွမ်းကျင်ပိုင်နိုင်မှုနှင့် ကျောင်းကိုယ်တိုင်၏ စွမ်းဆောင်ရည်အပေါ်မူတည်ပြီး လုပ်ဆောင်ကြသည်ဟု ပြည်သူ့သဘောထားစစ်တမ်းများက ဖော်ထုတ်ပေးနိုင်ခဲ့သည်။

သဘောထားစစ်တမ်းရလဒ်များကို မကြာခဏကောက်ခံပေးပြီး အများပြည်သူသိအောင် ထုတ်ပြန်ပေးနိုင်လျှင် အထူးအကျိုးရှိပါသည်။ သဘောထားစစ်တမ်းများ၏ အားသာချက်တစ်ခုမှာ သတင်းအချက်အလက်များကို အားလုံးက ထုတ်ယူအသုံးပြုနိုင်ခြင်းဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနိုင်ငံအများစုတွင် အဖွဲ့အစည်းများသည် သဘောထားစစ်တမ်းများကို ရွေးကောက်ပွဲ မတိုင်ခင်ကာလတွင် ပုံမှန်သဘောမျိုး ကောက်ခံကြပါသည်။ လူ့အဖွဲ့အစည်းတွင်းရှိအခြားသူများကပြဿနာများအပေါ် မည်သို့မည်ပုံခံစားနေကြရသည်၊ပြဿနာအတွက်အဖြေများကို တင်ပြနေကြသော အဖွဲ့များကို မည်သို့သဘောထားသည်တို့ကို သိခွင့်ရသည့်အတွက် နိုင်ငံသားများအဖို့ အကျိုးရှိပါသည်။ လူအဖွဲ့အစည်းအတွင်း ဦးဆောင်ဦးရွက်ပြုသူများနှင့် ပြည်သူလူထုကြားတွင်လည်း သဘောထားစစ်တမ်းများသည် ပေါင်းကူးတံတားများ ဖြစ်ကြပါသည်။

နည်းနာများနှင့် ရလဒ်များကို အချင်းချင်းနှိုင်းယှဉ်နိုင်ကြပြီး သဘောထားစစ်တမ်းများသည်ကပင် ဒီမိုကရေစီနည်းကျ ဘဝနေထိုင်နည်း၏ အစိတ်အပိုင်းလည်း ဖြစ်နေပါသည်။ မြန်မာနိုင်ငံတွင်တော့ သဘောထားစစ်တမ်းကောက်ယူခြင်းသည် အသစ်အဆန်းဖြစ်နေခြင်းကြောင့် ထုတ်ပြန်လိုက်သည့် ရလဒ်များအပေါ်တွင် ပုံမှန်ထက်ပိုသော စစ်ကြောမှုများ လုပ်ဆောင်မိပါတော့သည်။ ထို့ကြောင့်ပင် စစ်တမ်းတစ်ခုချင်းသည် အရေးကြီးလာပါတော့သည်။ သဘောထားစစ်တမ်းများနှင့် ပတ်သက်ပြီးလက်ရှိတွင် ဆွေးနွေးပြောဆိုမှုများသည် သဘောထားစစ်တမ်းတစ်ခုချင်းစီကိုသာ ဦးတည်သောဆွေးနွေးမှုများ ဖြစ်နေပါသည်။

ရွေးကောက်ပွဲအကြို သဘောထားစစ်တမ်းများသည် တည်ငြိမ်မှုကို အားဖြည့်ပေးနိုင်ပါသည်။ အဘယ်ကြောင့် ဆိုသော် နိုင်ငံရေးပါတီများအားလုံးအနေဖြင့် ရွေးကောက်ပွဲရလဒ်များကို ကြိုတင်ခန့်မှန်းလာနိုင်ပြီးပြင်ဆင်လာနိုင်သောကြောင့်ဖြစ်သည်။ မဲပေးသူများ၏ အလိုဆန္ဒများကို သိနားလည်ပြီး မဲရေတွက်မှုရလဒ်များကို သက်သေထူနိုင်ရန်အတွက် မဲရုံအထွက်စစ်တမ်းများ (exit polls) ကို အသုံးပြုကြပါသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၁၅ ခုနှစ်တွင် "လွတ်လပ်ပြီးတရားမျှတသော" ရွေးကောက်ပွဲများကျင်းပပေးပြီး ထိုရွေးကောက်ပွဲများသည် "ယုံကြည်စိတ်ချနိုင်၊ အားလုံးပါဝင်နိုင်ပြီး ပွင့်လင်း မြင်သာမှုရှိစေရမည်" ဟု အစိုးရက ကတိပေးထားပါသည်။ နိုင်ငံရေးပါတီများအပေါ် တနိုင်ငံလုံးအဆင့် ဦးစားပေး ကြိုက်နှစ်သက်မှုများအား လွှတ်တော်ထိုင်ခုံနေရာများအဖြစ် ပြောင်းလဲခြင်းကို ခန့်မှန်းနိုင်ဖို့ရန် ရွေးကောက်ပွဲအကြို သဘောထားစစ်တမ်းများအတွက် ခက်ခဲနိုင်(သို့မဟုတ် မဖြစ်နိုင်သလောက်နီးပါးရှိနိုင်) ပါသည်။ အထူးသဖြင့် ထိုကဲ့သို့ ရွေးကောက်ပွဲများကို ပထမဆုံးစတင်ကျင်းပသော နိုင်ငံများတွင် ခက်ခဲနိုင်ပါသည်။ သို့သော် မဲရုံအထွက်စစ်တမ်းများသည် ရွေးကောက်ပွဲ ရလဒ်များကို သက်သေခံပေးနိုင်ပြီး ရွေးကောက်ပွဲများကိုယ်တိုင်သည် လွတ်လပ်၊ တရားမျှတပြီး ယုံကြည်အားထားနိုင်ကြောင်းကိုတော့ ပြသနိုင်ပါသည်။

ကောင်းမွန်သော သဘောထားစစ်တမ်းများကို ကောက်ယူနိုင်ရန်အတွက်ဆိုလျှင် လူတွေ့မေးမြန်းခြင်းနည်းစနစ်များကို ကောင်းစွာနားလည်သဘောပေါက်ထားသော ကျွမ်းကျင်လေ့ကျင့်ရည်ပြည့်ဝသည့် သုတေသနသမားများ၊ လူတွေ့မေးမြန်းသူများလိုအပ်ပါသည်။ လက်ရှိမြန်မာနိုင်ငံတွင် ကောက်ယူထားပြီးသော စစ်တမ်းများအပေါ် အကြီးကျယ်သံသယဝင်နေသူများသည် တိုင်းပြည်၏ စစ်တမ်းကောက်ယူနိုင်သည့် စွမ်းရည်ကို စိုးရိမ်ပူပန်နေကြခြင်းဖြစ် ပါသည်။ ကြီးမားကျယ်ပြန့်သော လူဦးရေတစ်ခုလုံးထဲကမှ စစ်တမ်းတွင်ပါဝင်ဖြေကြားမည့်သူများ (sample) ကိုရွေးချယ်သတ်မှတ်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် သုတေသနစစ်တမ်းများကို လုပ်ဆောင်သူများ၏ အတွေ့အကြုံ (သို့မဟုတ် အတွေ့အကြုံမရှိမှု)များကို သူတို့က မေးခွန်းထုတ်ကြခြင်းဖြစ်ပါသည်။ အချို့သော အထူးအလေးထားရမည့် မေးခွန်းများနှင့် ဝေဖန်မှုများကို အစီရင်ခံစာ နောက်ပိုင်းတွင် ရှင်းပြပေးထားပါသည်။ သို့သော် ယေဘုယျအားဖြင့်ဆိုလျှင် မြန်မာနိုင်ငံတွင် ထိုကဲ့သို့ အကန့်အသတ်များ ရှိနေသည့်ကြားမှပင် ပညာရှင်ဆန်ဆန် သဘောထားစစ်တမ်းများကို ကောက်ခံနိုင်သည့် လူပုဂ္ဂိုလ် များနှင့် အဖွဲ့အစည်းအချို့ကို တွေ့ခဲ့ရပါသည်။

**လေ့ကျင့်ထားသော စစ်တမ်းသုတေသနသမားများ မြန်မာနိုင်ငံတွင် ရှိပါသလား။** သုတေသနစစ်တမ်းကောက်ယူနိုင်အောင် လေ့ကျင့်သင်ကြားပေးမှုသည် မြန်မာတက္ကသိုလ်များတွင် မကြာသေးခင်အထိ ပျောက်ကွယ်နေခဲ့ပါသည်။ စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်နေသည့် နှစ်ကာလများတွင် လူမှုသိပ္ပံဘာသာရပ်များ အတော်များများကို သင်ကြားခြင်း ရပ်တန့်ခဲ့ပြီး အချို့သော အချိန်များတွင် တက္ကသိုလ်တစ်ခုလုံးကို ပိတ်ထားခဲ့ပါသည်။ ပြန်လည်ဖွင့်လှစ် သင်ကြားခြင်းများကို မကြာသေးမီကသာ စတင်ထားခြင်းဖြစ်ပါသည်။ ထိုသို့သော အဖြစ်များသည် သုတေသနစစ်တမ်းပညာရပ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြင်းထန်သော အကျိုးဆက်များဖြစ်ပေါ်လာစေပါသည်။ ပြည်တွင်းမှ အချို့စစ်တမ်းကောက်ယူသူများသည် ဂျပန်နှင့် နယ်သာလန်ကဲ့သို့သော နိုင်ငံရပ်ခြား တိုင်းပြည်များတွင် ပညာသင်ခဲ့ကြခြင်းဖြစ်ပါသည်။

နိုင်ငံတကာ အဖွဲ့အစည်းများမှလည်း လေ့ကျင့်သင်ကြားပေးရန် ကမ်းလှမ်းထားကြပါသည်။ ကမ္ဘာ့ဈေးကွက်နှင့် သဘောထားအမြင်များကို သုတေသနလုပ်ဆောင်သော အဖွဲ့ကြီး ESOMAR သည် The Use and Value of Market and Social Research ခေါင်းစဉ်ဖြင့် အများပြည်သူတက်ရောက်နိုင်သော နေ့တစ်ဝက် အစီအစဉ်တစ်ခုကို ၂၀၁၄ ဩဂုတ်လတွင် လုပ်ဆောင်ပေးခဲ့ပါသည်။ ထို့နောက်တွင် တစ်ပတ်ကြာမြင့်သည့် လေ့ကျင့်ဆွေးနွေးပွဲတစ်ခုကို ဈေးကွက်သုတေသနသမားများအတွက် လုပ်ဆောင်ပေးခဲ့ပါသည်။ ထိုအစီအစဉ်သည် ဈေးကွက်နှင့် လူမှုသုတေသန၏ တန်ဖိုးကိုအာရုံစိုက်ခဲ့ပြီး ဥရောပ၊ အာရှနှင့် ဩစတေးလျနိုင်ငံများမှ နမူနာများကိုလည်း အသုံးပြုထားပါသည်။ အခြား NGO များသည်လည်း နိုင်ငံရေးခေါင်းဆောင်များနှင့် ပါတီဝင်များအတွက် ပညာပေးလေ့ကျင့်မှုများကို လုပ်ဆောင်ကြပါသည်။

ပြည်တွင်းအဖွဲ့အစည်း တစ်ခုဖြစ်သော Myanmar Marketing Services Association သည် ESOMAR ကွန်ဖရင့်ကို လက်ခံကျင်းပရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ထို့နောက်တွင် ၎င်းအဖွဲ့သည် တက်ကြွလှုပ်ရှားခြင်းရှိမရှိ မသေချာတော့ပါ။ ပညာသည် အဖွဲ့အစည်းများသည် ကျင့်ဝတ်စံနှုန်းများ ချမှတ်ရာတွင်နှင့် အရည်အသွေးရှိသော သဘောထားစစ်တမ်းများ ဖြစ်ပေါ်လာရေးတွင် အရေးကြီးသော အခန်းကဏ္ဍမှရှိနေပါသည်။ စစ်တမ်းကောက်ယူသည့် လုပ်ငန်းတစ်ခုလုံး ခိုင်မာအားကောင်းအောင် သတင်းအချက်အလက်များကို မျှဝေပေးနိုင်သောကြောင့် ၎င်းသည်မြန်မာနိုင်ငံရှိ စစ်တမ်းကောက်ယူမှုလုပ်ငန်း ဖွံ့ဖြိုးလာစေရန် အထူးအထောက်အကူဖြစ်စေပါသည်။

စစ်တမ်းသုတေသန ကောက်ယူရာတွင် မှန်ကန်စနစ်ကျသည့် လေ့ကျင့်သင်ကြားမှုများ မရှိဟုဆိုသော်လည်း အချို့သောလူပုဂ္ဂိုလ်များက တတပ်တအား ဖြည့်ဆည့်ပေးပါသည်။ သိပ္ပံပညာ၊ ဆေးပညာနှင့် အင်ဂျင်နီယာပညာရပ်များ တက်ရောက်သင်ကြားလျှင် အချက်အလက် ကောက်ယူစုဆောင်းခြင်း၊ ပိုင်းခြားစိတ်ဖြာနိုင်ခြင်း၊ ဘက်လိုက်မှုကင်းသော သတင်းဆိုသည်ကို နားလည်သဘောပေါက်ခြင်းကဲ့သို့ စစ်တမ်းနှင့်သဘောထားအမြင် ကောက်ယူရာတွင် လိုအပ်သည့် ကျွမ်းကျင်မှုများကို ရသွားနိုင်ပါသည်။ အချို့သော ဘာသာရပ်များတွင် စစ်တမ်း ကောက်ခံရပါသည်။[၅] သို့သော်လည်း သုတေသနစစ်တမ်းကောက်ယူနိုင်ရန် လေ့ကျင့်သင်ကြားပေးမှုများအကြီးအကျယ်လိုအပ်နေဆဲဖြစ်ပြီး ကောက်ယူနိုင်သည့်

---

၅။ Myanmar Egress တွင် လက်ရှိလုပ်ကိုင်နေသော ဆရာဝန်တစ်ယောက်သည် ရောဂါဘယများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအကြောင်း အချက်အလက်များကို ကောက်ခံရမှုတဆင့် စစ်တမ်းကောက်သည့် နယ်ပယ်သို့ရောက်လာခဲ့သည်။

ပြည်တွင်းစွမ်းရည်များ ပေါ်ထွက်လာကာ ရေရှည်ဆက်လက် လည်ပတ်နိုင်စေဖို့ဆိုလျှင် အချိန်ယူရပါလိမ့်မည်။

ဘယ်သူတွေစစ်တမ်းကောက်နေကြသလဲ။ ဖော်ပြခဲ့သောအကန့်အသတ်များရှိနေသော်လည်းစစ်တမ်းသုတေသန လုပ်ဆောင်ထားဖူးသည့် သမိုင်းကြောင်း မြန်မာနိုင်ငံတွင် အတော်အသင့်ကြွယ်ဝနေပြီး မျက်မှောက်ခေတ်နှင့်လည်း အလွန်အချိတ်အဆက်မိနေပါသည်။ ဈေးကွက်သုတေသန လုပ်ဆောင်သော မြန်မာအဖွဲ့အစည်းများသည် လက်တွေ့ လုပ်ကိုင်နေသည်မှာ အနည်းဆုံး ဆယ်စုနှစ် ၂ ခု ကြာမြင့်နေပြီဖြစ်ပြီး လူသုံးကုန်ပစ္စည်းများ ရောင်းချခြင်းနှင့် မီဒီယာ ထိုးဖောက်မှုအကြောင်းကို လေ့လာနေကြပါသည်။ လူမှုစစ်တမ်းများသည် ထို့ထက်ပို လတ်တလောကျပြီး အများစုသည် မြန်မာ့နိုင်ငံရေးအပြောင်းအလဲများ ဖြစ်ပေါ်ပြီးနောက် ၂၀၁၂ ခုနှစ်စတင်ကာ လုပ်ငန်းများကိုစတင်လုပ်ဆောင်နေကြပါသည်။

ယခုအချိန်ထိတော့ ဈေးကွက်နှင့် စီးပွားရေးလုပ်ငန်း သုတေသနများကို လုပ်ဆောင်သည့် အကျိုးအမြတ်ယူ ကုမ္ပဏီများသာ သိပ္ပံနည်းကျ စစ်တမ်းများကို ကောက်ယူသည့် အစဉ်အလာရှိပါသည်။ ထိုကုမ္ပဏီများသည် နာမည်ကောင်းရလျှင် သူတို့ကိုယ်တိုင်အတွက် အကျိုးအမြတ်ပိုရှိလာနိုင်ပြီး နိုင်ငံတကာကုမ္ပဏီများနှင့် အကျိုးအမြတ်မယူ အဖွဲ့များသည်လည်း လုပ်ငန်းအများစုကို သူတို့ထံတွင် အပ်နှံစေခိုင်းကြပါလိမ့်မည်။

ပြည်တွင်းဈေးကွက် သုတေသနကို အမှန်တကယ် လုပ်ဆောင်နေသော ကုမ္ပဏီ ၂ ခုသာရှိပြီး လက်တွေ့လုပ်ကိုင်နေသည်မှာ ဆယ်စုနှစ်နှင့်ချီ ကြာမြင့်နေပြီဖြစ်ပါသည်။ Myanmar Market Research and Development (MMRD) ကို လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ကျော်က တည်ထောင်ခဲ့ခြင်းဖြစ်ပြီး Myanmar Yellow Pages စာအုပ်များကို ထုတ်ဝေဖြန့်ချီခြင်းဖြင့် စတင်ခဲ့ပါသည်။ ထိုကုမ္ပဏီသည် ယခုဆိုလျှင် Nielsen နှင့်ချိတ်ဆက်ထားပါသည်။ Myanmar Survey Research (MSR) သည်လည်း သုတေသန လုပ်ဆောင်နေသည်မှာ ဆယ်စုနှစ် ၂ ခုကျော် ကြာမြင့်နေပြီဖြစ်ပါသည်။

နိုင်ငံစုံ သုတေသနကုမ္ပဏီများသည်လည်း မြန်မာနိုင်ငံတွင် မကြာသေးမီက ရုံးများလာရောက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။ ထိုကုမ္ပဏီများသည် နိုင်ငံတကာစံနှုန်းများ သုတေသန လိုအပ်ချက်များကို သိရှိပြီးဖြစ်ပြီး မြန်မာကဲ့သို့သော နိုင်ငံတစ်ခုတွင် သုတေသနစွမ်းရည်များ တိုးတက်ဖွံ့ဖြိုးလာရေးအတွက် အထောက်အကူပြုစေနိုင်ပါသည်။ TNS Myanmar သည် TNS Global ၏ လုပ်ငန်းခွဲတစ်ခုဖြစ်ပြီး ပင်မလုပ်ငန်းသည် နိုင်ငံပေါင်း ၅၀ ကျော်တွင် ရုံးများဖွင့်လှစ်ထားရှိပါသည်။ ၎င်းအဖွဲ့ကို Compass Research ပူးတွဲတည်ထောင်သူ တစ်ယောက်က ဦးဆောင်နေပြီး Compass Research ကို ၁၉၉၇ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ကာ ဆယ်စုနှစ် ၁ ခုကျော်ကြာအောင် သုတေသနများ လုပ်ဆောင်ခဲ့ပါသည်။ Compass Research ပူးတွဲတည်ထောင်သူ နောက်တစ်ဦးသည် နိုင်ငံတကာ သုတေသနကုမ္ပဏီ Millward Brown ၏ မြန်မာရုံးခွဲကို ၂၀၁၃ ခုနှစ်တွင် ဦးစီးလုပ်ကိုင်ခဲ့သည်။ ၎င်းတို့ထက် နောက်ကျမှ ပြည်တွင်းဝင်လာသူ River Orchid သည် အရှေ့တောင်အာရှ နိုင်ငံပေါင်း ၅ ခုတွင် ဖြန့်ကျက်လုပ်ကိုင်နေပါသည်။

ထိုပြည်တွင်းပြည်ပ ကုမ္ပဏီများသည် အဓိကအားဖြင့် ဈေးကွက် သုတေသန နယ်ပယ်တွင်သာ လုပ်ကိုင်နေကြပါသည်။ သို့သော် နောက်ပိုင်းနှစ်များတွင် International Republican Institute နှင့် The Asia Foundation အပါအဝင် NGO များသည် လက်တွေ့ကွင်းဆင်းဆောင်ရွက်ရသည့်အခါ မြန်မာအဖွဲ့အစည်းများကို အသုံးပြု၍ လူမှုသုတေသနများ သဘောထားစစ်တမ်းများကို ကောက်ယူထားကြပါသည်။ ထို့အပြင် အနောက်တိုင်းအစိုးရ လက်အောက်ရှိ ဌာနများ နိုင်ငံတကာအဖွဲ့အစည်းများသည်လည်း မြန်မာနိုင်ငံတွင် ပြည်တွင်းကုမ္ပဏီများကို အသုံးပြုကာ ပြည်သူ့သဘောထားများကို လေ့လာထားကြပါသည်။

အများပြည်သူသဘောထားနှင့် လူမှုသဘောထား အမြင်များကို လေ့လာနေကြသော အခြားအုပ်စုများကိုလည်း ကျွန်တော်တို့တွေ့ဆုံခဲ့ပါသည်။ Myanmar Egress သည် ကျောင်းဆရာများနှင့် ပတ်သက်၍ လေ့လာမှုများ ပြုလုပ်ထားပြီး နိုင်ငံသားဖြစ်မှုဆိုသည့် အကြောင်းအရာအပေါ်တွင်လည်း အစီရင်ခံစာတစ်စောင် ထုတ်ပြန်ထားပါသည်။ Yangon School of Political Science (YSPS) သည် ကျောင်းသားဟောင်းများနှင့် သင်ကြားရေးဌာနတစ်ခုပါဝင်ပြီး တခြားအာရှဒေသများမှ သုတေသနသမားများနှင့် အလုပ်အတူလုပ်နေကာ သဘောထားစစ်တမ်းကောက်ယူခြင်းနှင့် ပတ်သက်ပြီး ကျွမ်းကျင်မှုများကို ဖြည့်ဆည်းနေသည်။ YSPS သည် Asian Barometer ၏ မြန်မာလုပ်ငန်းခွဲအဖြစ် လုပ်ဆောင်ပါလိမ့်မည်။

သယံဇာတ တူးဖော်ထုတ်ယူခြင်း လုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိရေး ဦးဆောင်ဦးရွက်ပြုနေသည့် MATA ကဲ့သို့ နိုင်ငံလုံးအဆင့်အဖွဲ့များသည်လည်း သူတို့၏ နိုင်ငံတဝှမ်းလုံးတွင်ရှိသော အဖွဲ့ဝင်အင်အားကို အသုံးပြု၍ စီးပွားရေးလုပ်ငန်းများ၏ သဘောထားအမြင်များကို ကောက်ယူစုဆောင်းရန် စိတ်ဝင်စားနေကြပါသည်။ ထိုကဲ့သို့

သဘောထားအမြင်များသည် သမာရိုးကျ သဘောထားစစ်တမ်းမျိုးကဲ့သို့ ဖြစ်လိမ့်မည် မဟုတ်သော်လည်း အသုံးဝင်သော အချက်အလက်ကောက် ယူစုဆောင်းရေးလုပ်ငန်း ဖြစ်လာပါလိမ့်မည်။ သို့သော်လည်း ထိုအရိန်ယူ ပြင်ဆင်ခါစဖြစ်ပြီး သဘောထားစစ်တမ်း ကောက်ယူခြင်းနယ်ပယ်ထဲတွင် စတင်လုပ်ဆောင်ခါစ အဖွဲ့များသည် အရင်းအမြစ်များ ပိုမို လိုအပ်နေဆဲဖြစ်ပြီး အစွမ်းအစများကို ပြသနိုင်ဖို့ အချိန်ယူရပါဦးမည်။

အချို့သော နိုင်ငံရေးပါတီ များသည်လည်း သဘောထားစစ်တမ်းများ ကောက်ယူနေကြသည်ဟု ကျွန်တော်တို့ သိထားပါသည်။ ကိုယ့်အကြောင်းကို မေးခွန်းများ မေးသလို ဖြစ်နေသောကြောင့် အချက်အလက်များ ကောက်ယူရာတွင် အကန့်အသတ်များရှိနေသည်ကို သူတို့နားလည်သဘောပေါက်ကြပုံရပါသည်။ ဘက်မလိုက် မေးခွန်းမေးသူများ ရလာနိုင်သည့် အဖြေများထက်ပို၍ သာသာထိုးထိုးဖြေကြားသော အဖြေများကို ရလာနိုင်သည်ဟု သိထားကြောင်း ကျွန်တော်တို့ကို ပြောပြပါသည်။ သို့သော် သူတို့မည်သည့်နေရာတွင် အားနည်းနေသည်၊ မည်သည့်အကြောင်းကိစ္စများတွင် တိုးတက်ကောင်းမွန်ရန် လုပ်ဆောင်ဖို့လိုနေသေးသည်ဟု သိလာနိုင်သောကြောင့် သဘောထားစစ်တမ်းများကောက် ယူခြင်းသည် အသုံးဝင်ကြောင်း အခိုင်အမာပြောပြကြပါသည်။ အချက်လက်များ၏ အရေးကြီးပုံအကြောင်း ပါတီ ခေါင်းဆောင်တစ်ယောက်က ပေါ်လွင်အောင်ပြောပြသည်မှာ “သဘောထားစစ်တမ်းကနေ ရလာတဲ့အသိအပေါ် အကောင် အထည်ဖော်တာမရှိဘူးဆိုရင် သဘောထားစစ်တမ်းဆိုတာ အချည်းအနှီးပါပဲ” ဟုပြောပါသည်။[၆]

သဘောထားစစ်တမ်း ကောက်ယူခြင်းနှင့် ပတ်သက်ပြီး ပါတီတွင်း တာဝန်ရှိသူများသည် မည်မျှအထိ နားလည် တတ်ကျွမ်းသနည်း ဆိုသည်မှာလည်း ရှင်းရှင်းလင်းလင်းမရှိပါ။ ရွေးကောက်ပွဲအောင်နိုင်ရေး လုပ်ငန်းသည်ပင်လျှင် ပါတီကိုယ်စားလှယ်လောင်းများအတွက် အသစ်အဆန်းဖြစ်နေပါသည်။ အချို့ဆိုလျှင် တအိမ်တက်ဆင်း စည်းရုံးခြင်း လုပ်ငန်းကို ယခုမှသာ စတင်သင်ယူနေကြရပြီး “အလွန်ပင်ပန်းပေမဲ့ လိုအပ်သည်” ဟု ကျွန်တော်တို့ကိုပြောပြပါသည်။ မြန်မာမီဒီယာများသည် သဘောထားစစ်တမ်းများကို ကောက်ယူရန် ယခုအထိ မည်သည့်အဖွဲ့အစည်းကိုမျှ တာဝန်ပေး ထားခြင်းမရှိသေးပါ။ အခြားသူများပြုစုထားသော သဘောထားစစ်တမ်းများကို သတင်းရေးသား ဖော်ပြနိုင်ခြင်းရှိ/ မရှိဆိုသည်မှာလည်း မေးခွန်းထုတ်စရာဖြစ်နေပြီး ထိုအကြောင်းအရာများကို အစီရင်ခံစာ နောက်ပိုင်းတွင် ပိုပြီး တိတိ ကျကျဖော်ပြထားပါသည်။

# သဘောထားစစ်တမ်း ကောက်ယူခြင်းဆိုင်ရာ ပြဿနာများ

## စစ်တမ်းကောက်ခံမှုတွင်ပါဝင်ဖြေကြားမည့်သူရွေးချယ်ခြင်း (sample selection)

မြန်မာနိုင်ငံသည် စစ်တမ်းများကောက်ယူဖို့ပင် မဆိုထားနှင့် လူဦးရေကို ရေတွက်ဖို့ပင် အလွန်ခက်ခဲသော တိုင်းပြည် တစ်ခုဖြစ်နိုင်ပါသည်။ သန်းခေါင်စာရင်းပါ အချက်အလက်များ (တစ်တိုင်းပြည်လုံးအဆင့် နောက်ဆုံးကောက်ယူခဲ့သော သန်းခေါင်စာရင်းမှာ လွန်ခဲ့သော နှစ် ၃၀ ကျော်အကြာကဖြစ်သည်။) တိကျမှုနှင့် ပတ်သက်သော မေးခွန်းများ ထွက်ပေါ်နေဆဲဖြစ်ပြီး ၂၀၁၄ တွင်ကောက်ယူခဲ့သော သန်းခေါင်စာရင်း၏ ရလဒ်များကိုပင် တစိတ်တပိုင်းသာ ထုတ်ပြန်နိုင်ပါသေးသည်။ တိုင်းရင်းသားလူနည်းစုများကို အုပ်စုခွဲရာတွင်လည်း သဘောမတူ လက်မခံမှုများ ရှိနေကြပြီး သန်းခေါင်းစာရင်း ကောက်ယူသည့် လုပ်ငန်းစဉ်ကိုပင် ဝေဖန်မှုများ ရှိနေကြပါသည်။

သဘောထားစစ်တမ်း ကောက်ယူရာတွင် ပါဝင်ဖြေကြားမည့်သူ (sample) ရွေးချယ်နိုင်ရေးအတွက် သန်းခေါင်စာရင်း အချက်အလက်များသည် တစ်ခုတည်းသော နည်းလမ်းမဟုတ်သော်လည်း နိုင်ငံအများစုတွင် ၎င်းသည်အကောင်းဆုံး နည်းလမ်းပင်ဖြစ်နေပါသည်။ တိုင်းပြည်တစ်ခု၏ ပြည်နယ်/တိုင်းများတွင် နေထိုင်ကြသော လူဦးရေ၏ တိကျသောအရေအတွက်များကို ရှိထားပါက ဈေးကွက်သုတေသနလုပ်ရာတွင် သဘောထားစစ်တမ်း ကောက်ယူရာတွင် နယ်မြေတစ်ခုအတွင်းရှိ လူဦးရေနှင့် အချိုးအစားညီမျှသော ဖြေကြားမည့်သူ (sample) များကို ရွေးချယ်နိုင်ပါလိမ့်မည်။ အရွယ်ရောက်ပြီးသူများ ပျံ့နှံ့တည်ရှိနေထိုင်ပုံ (အသက်အရွယ်၊ ကျား/မ၊ တိုင်းရင်းသားနှင့်

---

၆။ နိုင်ငံရေးပါတီများအတွက် ကောက်ခံပေးသော စစ်တမ်းများကို အများပြည်သူအတွက် မထုတ်ပြန်ပေးတတ်ပါ။ သို့သော် ပြည်သူလူထု၏ လိုလားဆန္ဒများကို အစိုးရနှင့် အတိုက်အခံနှစ်ဖက်လုံးအပေါ် အသိပေးပြောကြားနေသောကြောင့် ၎င်းတို့သည် ဒီမိုကရေစီစနစ်တွင် အရေး ပါသော နေရာမှရှိနေပါသည်။ ပြည်သူ့သဘောထား စစ်တမ်းများကဲ့သို့ပင် ၎င်းတို့ကိုလည်း ကျင့်ဝတ်စံနှုန်းများနှင့်အညီ သိပ္ပံနည်းကျကျ ကောက်ခံသင့်သည်။

တခြားသီးခြားစရိုက်လက္ခဏာများ)ကို သိနိုင်ပါလိမ့်မည်။ ရွေးချယ်ထားသော ဖြေကြားမည့်သူ (sample) သည် လူဦးရေကို တိကျစွာထင်ဟပ်ခြင်းရှိမရှိ သုတေသနသမားများအနေဖြင့် အသေအချာသိသွားနိုင်ပါလိမ့်မည်။

စစ်တမ်းတွင်ပါဝင်ဖြေကြားမည့်သူများကို ရွေးချယ်နိုင်သော မူဘောင်ကို ကိုင်ထားနိုင်ခြင်းသည် အလွန်တရာ အရေးကြီးပါသည်။ မကြာသေးခင်က ကောက်ယူထားသော သဘောထားစစ်တမ်း အချို့သည် sample အတွက် ယာယီ သန်းခေါင်စာရင်း အချက်အလက်များကိုသာ အခြေခံထားပြီး အချက်အလက်အသစ်များရလာလျှင် ကိုက်ညီအောင် နောက်ပိုင်းကျမှသာ ပြန်လည်ချိန်ညှိကြပါသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် အကောင်းဆုံးနည်းစနစ်မဟုတ်သော်လည်း နေရာတိုင်းရှိ သုတေသနသမားအားလုံး ထိုသို့ပင် လုပ်ဆောင်နေကြပြီး အားလုံးကလည်း လက်ခံထားပါသည်။ သန်းခေါင်စာရင်း ရလဒ်များကို တိကျမှန်ကန်သည့်ပုံစံဖြင့် ပုံမှန်ထုတ်ပြန်ပေးဖို့သည်လည်း အရေးကြီးပါသည်။

sample ရွေးချယ်ရာတွင် သန်းခေါင်စာရင်း အချက်အလက်များအပြင် အခြားအသုံးပြုနိုင်မည့် နည်းလမ်းတစ်ခုမှာ မဲပေးသူစာရင်းပင်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် နိုင်ငံအချို့တွင် ထုံးစံလိုဖြစ်နေသော်လည်း မြန်မာနိုင်ငံတွင်တော့ မဲပေးသူစာရင်းများကို အများပြည်သူသိအောင် မထုတ်ပြန်ရသေးသည့်အတွက် လက်ရှိတွင်အသုံးမပြုနိုင်သေးပါ။ ထိုကဲ့သို့သော စာရင်းများကို ထုတ်ပြန်ပေးနိုင်အောင် အစိုးအနေဖြင့် ကြိုးစားနေသည်ဟု ကျွန်တော်တို့နှင့် မကြာသေးခင်တွင် တွေ့ဆုံထားသူများက ပြောကြသော်လည်း မဲပေးသူစာရင်းအမှားများကဲ့သို့ပင် မရည်ရွယ်သော အမှားများ ဖြစ်ပေါ် လာနိုင်ပါသေးသည်။ ကျွန်တော်တို့ အတွေ့အကြုံအရဆိုလျှင် မည်သည့်နိုင်ငံတွင်မဆို ဗျူရိုကရေစီယန္တရားက ဖန်တီးပေးလိုက်သော လက်ရှိစာရင်းဇယားများသည် မည်သည့်အခါမှ ပြည့်စုံကောင်းမွန်သည် မရှိပါ။ ဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနိုင်ငံများ၌ပင်လျှင် မဲပေးသူစာရင်းသည် မကြာခဏမှားယွင်းနေတတ်ပါသည်။ (စာရင်းဇယားဆိုသည်မှာ အများပြည်သူသိအောင် ထုတ်ပြန်လိုက်သည်နှင့် တပြိုင်နက် ခေတ်နောက်ကျသွားတတ်ပါသည်)။ မဲပေးသူစာရင်းတွင် နေထိုင်ရာလိပ်စာ ပြောင်းရွှေ့သွားသူများ၊ သေဆုံးသွားသူများနှင့် နဂိုတည်းက လုံးဝနေထိုင်မထားဖူးသူများပါ ပါဝင်နေနိုင်ပါသည်။[၇]

မြန်မာနိုင်ငံတွင်း sample ရွေးချယ်ရာတွင် ပို၍စိုးရိမ်စရာကောင်းသည့် အချက်မှာ တိုင်းပြည်၏ နေရာဒေသအများအပြားသို့ အလွယ်တကူ ခရီးမပေါက်ခြင်းပင်ဖြစ်သည်။ တိုင်းပြည်တဝှမ်းသို့ လက်ကိုင်ဖုန်းလွှမ်းခြုံနိုင်သည့် နှုန်းမှာ ၁၅% မျှသာရှိပါသည်။ ထို့အပြင် တိုင်းရင်းသားဒေသများတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းသည်လည်း စာရင်းကောက်ယူမည့်သူများ လွတ်လပ်စွာ ခရီးမသွားနိုင်အောင် တားမြစ်ထားပါသည်။ လုံခြုံရေး စိတ်မချရခြင်းသည် လူဦးရေတစ်ခုလုံး၏ နည်းပါးသော ရာခိုင်နှုန်းကိုသာ လက်ရှိတွင် သက်ရောက်နေသော်လည်း စစ်တမ်းကောက်ယူမည့် ဧရိယာကိုကန့်သတ်ထားဆဲ ဖြစ်နေပါသည်။ အခြားသောနိုင်ငံများမှ သုတေသန လုပ်ဆောင်သူများသည်လည်း အလားတူ ပြဿနာများကို ကြုံတွေ့နေရပါသည်။ လူတွေ့မေးမြန်းမည့်သူများ လက်လှမ်းမမီအောင် တားမြစ်ထားသည့်နေရာများ ရှိနေခြင်းဖြင့် စစ်တမ်းကောက်ယူခြင်းကို ပိုမိုခက်ခဲသွားစေသော်လည်း ကောင်းမွန်သော သဘောထားစစ်တမ်းများ ထွက်ပေါ် လာနိုင်ပါသေးသည်။[၈]

သုတေသန အစဉ်အလာကို ကာလပိုမိုကြာမြင့်စွာ ထိန်းသိမ်းထားသည့် နိုင်ငံအများအပြားမှာကဲ့သို့ပင် မြန်မာနိုင်ငံတွင်လည်း ဒေသဆိုင်ရာအဆင့်တွင် အိမ်ထောင်စုများကို ကျပန်းရွေးချယ်ပါသည်။ ထို့နောက် အိမ်ထောင်စုတစ်ခုအတွင်းမှာပင် နိုင်ငံတကာ သုတေသန စံနှုန်းများနှင့်ညီညွတ်သော နည်းစနစ်များကို ဆက်လက်ကျင့်သုံးကြကြောင်း ကျွန်တော်တို့နှင့် စကားပြောဖူးသော ကုမ္ပဏီအများစုက ပြောဆိုကြပါသည်။ ၎င်းတို့မှာ ပထဂီအနေအထားနှင့် ပတ်သက်ပြီး စံနမူနာရွေးချယ်ရာတွင် အဆင့်များစွာဖြင့် တိုက်ရိုက်ရွေးခြင်း၊ ထို့နောက်တွင် နေရာများ(ကျေးရွာများ သို့မဟုတ် အခြားသေးငယ်သော ပထဂီယူနစ်များ)ကို ရွေးချယ်ခြင်း၊ ထို့နောက်တွင် ကျပန်းလမ်းလျှောက်ခြင်းဖြင့် အိမ်ရာများကို ရွေးချယ်ခြင်း၊ ထို့နောက်တွင် ဇကာတင်မေးခွန်းများမေးပြီး အိမ်တစ်ခုချင်းစီအတွင်းမှ အရည်အချင်းပြည့်မီသူများကို ဖော်ထုတ်ခြင်း၊ ထို့နောက်တွင်မှ အရည်အချင်းပြည့်မီသူများ ပါဝင်သည့် စာရင်းအတွင်းမှ ရွေးချယ်ခြင်းဖြင့်ဖြစ်စေ၊ Kish grid

---

၇။ လူဦးရေအချက်လက် တစ်ခုချင်းစီ၏ တိကျမှန်ကန်မှုကို စမ်းသပ်စစ်ဆေးရန် ထုတ်ပြန်ပေးထားသော စာရင်းများကို အသုံးပြုသည့်နည်းစနစ်ဖြင့် မဲပေးသူစာရင်းတွင် ပါဝင်သောလူဦးရေဆိုင်ရာ သတင်းအချက်လက်များကို စစ်ဆေးသည့်တာဝန်အား ထမ်းဆောင်ထားခြင်းအတွက် People's Alliance for Credible Elections (PACE) ကို ချီးကျူးပါသည်။

၈။ ထိုင်းနိုင်ငံ၊ မက္ကဆီကို၊ အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံများ၌ ပဋိပက္ခများဖြစ်ပွားစဉ်တွင်ပင် အခက်အခဲကြားမှ အောင်မြင်သော စစ်တမ်းများကို ကောက်ယူထားသည်။

အတိုင်းရွေးချယ်ခြင်းဖြင့်ဖြစ်စေ၊ သို့မဟုတ် အချို့သော ကျပန်းရွေးချယ်နည်းများ အတိုင်းဖြစ်စေ မေးခွန်းဖြေမည့်သူများကို ရွေးချယ်ပါသည်။

စံနူန်းများနှင့် သိပ်မကိုက်သော အခြားရွေးချယ်ခြင်း နမူနာများလည်း ရှိကြပါသည်။ လူမှုအလွှာတစ်ခုခုကို ဦးတည်ပြီး လူတွေ့မေးမြန်းခြင်းများ လုပ်ဆောင်ရသော စီမံကိန်းတစ်ခုတွင် အဖွဲ့အစည်းတစ်ခုသည် ဖိတ်ကြားလွှာများကို လူမှုအသိုင်းအဝိုင်းတစ်ခုအတွင်း ဖြန့်ဝေလိုက်သည်။ ထို့နောက်တွင် မေးခွန်းဖြေကြားမည့်သူများကို စုရပ်တစ်ခုသို့ ဖိတ်ခေါ်လိုက်သည်။ မေးခွန်းဖြေကြားမည့် သူများ၏ ပုဂ္ဂလိကလွတ်လပ်ခွင့်ကို အပြည့်အဝ အာမမခံပေးနိုင်သောကြောင့် ထိုသို့သော လုပ်ထုံးလုပ်နည်းများသည် သဘောထားစစ်တမ်း အများစုအတွက် အကောင်းဆုံးမဖြစ်နိုင်ပါ။

စစ်တမ်းတွင်ပါဝင်ဖြေကြားမည့်သူများ (sample) ရွေးချယ်ရသည့် အယူအဆကို နားလည်သော ပြည်သူများ၊ မီဒီယာများဆိုသည်မှာ မရှိသလောက်ပင်နည်းပါးပါသည်။ အီလစ် (Elite) များသည်ပင် နားမလည်ကြပါ။ "လူလေး ၃၀၀၀ လောက်က တစ်တိုင်းပြည်လုံးကို ဘယ်လိုလုပ်ကိုယ်စားပြုနိုင်မှာလဲ" ဆိုသည့် မကျေမနပ်ပြောဆိုမှုကို ကျွန်တော်တို့၏ အင်တာဗျူးများတွင် အတော်များများ ကြားရပါသည်။ အမှန်တွင်တော့ လူ ၃၀၀၀ ဆိုသည်မှာ နိုင်ငံအဆင့် သဘောထားစစ်တမ်း တစ်ခုအတွက် အလွန်ကြီးမားသော sample အရေအတွက် ဖြစ်နေပါသည်။
အမှန်တွင်တော့ သေချာကျနစွာ ရွေးချယ်ထားသည်ဆိုလျှင် ၃၀၀၀ ထက်နည်းသော အရေအတွက်သည်ပင် လူဦးရေတစ်ခုလုံးကို ကိုယ်စားပြုနိုင်လောက်အောင် ကြီးမားသည်ကို ဖြစ်ရပ်အများစုတွင် တွေ့ရပါသည်။ Sample အရေအတွက်ကို ၁၀၀၀ လောက်အထိသာ ယူထားသော သဘောထားစစ်တမ်းများ၏ Sample ရွေးချယ်မှုမှားယွင်းနိုင်ချေသည် အပို/အလို ၃% လောက်သာရှိနေပါသည်။ Gallup World Poll ၊International Social Survey Programme၊ Eurobarometer ၊ Asian Barometer နှင့် အခြားဒေသဆိုင်ရာ သဘောထားစစ်တမ်းကောက်ခံသည့် အဖွဲ့ကြီးများအတွက်ဆိုလျှင် နိုင်ငံတစ်ခုလုံးအတွက် လူ ၁၀၀၀ လောက်ကိုသာ ရွေးချယ်ပြီး မေးခွန်းများဖြေစေခြင်းသည် စံနူန်းတစ်ခုလိုပင်ဖြစ်နေပါသည်။

IRI နှင့် TAF တို့အတွက် မကြာသေးခင်က ကောက်ယူပေးသော စစ်တမ်းများတွင် လူ ၃၀၀၀ ကို စံနမူနာရွေးချယ်ပြီး မေးခွန်းများဖြေစေခဲ့ပါသည်။ ပါဝင်ဖြေကြားမည့်သူများများပါပြီး ကျပန်းရွေးချယ်ခြင်းနည်းစနစ်ကို အသုံးပြုခြင်းသည် တစ်နိုင်ငံလုံးအဆင့်အချက်အလက်ရှာဖွေရာတွင် ပိုမိုတိကျမှုကိုပေးပါသည်။ အမှားအယွင်း % လည်း ၁.၈ ခန့်သာ ရှိနိုင်မည်ဖြစ်ပါသည်။ ပြည်နယ်တိုင်းအဆင့် အတွက်လည်း ခန့်မှန်းလာနိုင်မည်ဖြစ်ပြီး လူနည်းစုအုပ်စုများအတွက် ပိုမို ကောင်းမွန်သော ခန့်မှန်းတွက်ချက်မှုများ ပေါ်ထွက်လာပါလိမ့်မည်။

လူများများပါဝင်သည့် စစ်တမ်းကောက်ယူမှုကိုရွေးချယ်လျှင် စစ်တမ်းကုန်ကျစရိတ် ပိုများမည်မှာ အမှန်ပင်ဖြစ်ပါသည်။ လူများများပါဝင်သည့်စစ်တမ်းသည် အမြဲတစေမလိုအပ်ပါ။ ပြည်နယ်တိုင်းအဆင့် အသေးစိတ်အချက်အလက်များသည် အလွန်တန်ဖိုးရှိပါသည်။ နယ်မြေဒေသတစ်ခုနှင့် တစ်ခုကြား ကွာခြားချက်များ၊ တိုင်းရင်းသားလူမျိုး တစ်ခုနှင့်တစ်ခုကြား ပဋိပက္ခများကို နားလည်စေနိုင်ပါသည်။ ထိုအချက်အလက်များကို IRI နှင့် Asia Foundation တို့ လက်လှမ်းမှီခဲ့သည်ဟု ယူဆရပါသည်။ သို့သော် ထိုကဲ့သို့ အသေးစိတ် အချက်လက်များကို လက်လှမ်းမှီသိရှိနိုင်သူ ပြည်သူဆိုသည်မှာ မရှိသလောက်ပင် နည်းပါးပါလိမ့်မည်။ မေးခွန်းများကို ဖြေကြားရာတွင် ဗမာလူမျိုးများ အများစုနေထိုင်ရာ "တိုင်း" များနှင့် တိုင်းရင်းသားများအများစုနေထိုင်ရာ "ပြည်နယ်"များကြား ကွာခြားချက်များရှိနေသည်ကို Asia Foundation သဘောထားစစ်တမ်းတွင် ဖော်ပြထားပါသည်။ သို့သော် တိုင်းရင်းသား အုပ်စုများအတွက် သီးသန့်ဖော်ပြပေးသော သီးခြားဇယားများ အနည်းငယ်သာပါဝင်ပါသည်။

## လူတွေ့မေးမြန်းရာတွင် အသုံးပြုသော ဘာသာစကား

ဗမာဘာသာစကားသည် စုစုပေါင်းရှိနိုင်သော မဲဆန္ဒရှင် အရေအတွက်၏ သုံးပုံနှစ်ပုံလောက် အသုံးပြုနေသည့် အခြေခံ ဘာသာစကားဖြစ်နိုင်သည်။ ထို့အပြင် ထို့ထက်ပိုများသော ရာခိုင်နှုန်းရှိသည့် လူအများသည် စစ်တမ်းမေးခွန်းဖြေဆိုရာတွင် ဗမာဘာသာစကားဖြင့် မေးခွန်းများကို ဖြေဆိုနိုင်သော်လည်း ဘာသာစကား၁၀၀ ကျော် ပြောဆိုနေကြသော နိုင်ငံတစ်ခုတွင် ဘာသာစကားအများအပြားဖြင့် ဘာသာပြန်ဆိုမှုမပြုခြင်းသည် လူထု၏ အစိတ်အပိုင်းတခုကို သီးခြားဖယ်ထုတ်ထားသော ပုံစံသာဖြစ်နေပါ သည်။

ဥပမာအားဖြင့် ဖိလစ်ပိုင်တွင် ဖိလစ်ပီနို (တာဂါလော့) စကားသည် အားလုံးအပေါ် လွှမ်းမိုးမှုရှိသော ဘာသာစကားဖြစ်သည်။ ထို့ကြောင့် ၈၀ % ရှိသော ပြည်သူများသည် ထိုဘာသာစကားကို ပထမဦးစားပေး (သို့) ဒုတိယ ဦးစားပေးဘာသာစကားအဖြစ် အသုံးပြုကြသည်။ သို့သော် တွေ့ဆုံမေးမြန်းမှုများအတွက် ဘာသာပြန်များကို အီလိုကင်နို (Ilo-cano)ဘီကို (Bicol)၊ အီလွန်ဂို (Ilonggo)နှင့် စီဘူအာနို (Cebuano) ဘာသာစကား"၄"မျိုးဖြင့် ပြင်ဆင်ပေးထားသည်ကိုတွေ့ရသည်။ (ထိုအထဲမှ အနည်းဆုံးတစ်ခုကို ၅% ထက်နည်းသော လူဦးရေက ပထမဦးစားပေး ဘာသာစကားအဖြစ် ပြောဆိုသုံးစွဲကြသည်)[၉]

အမိကကျသော စစ်တမ်းကောက်ယူကုမ္ပဏီကြီးများထဲမှ အနည်းဆုံး တစ်ခုလောက်က ၎င်း၏စစ်တမ်းမေးခွန်းများကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ တရားဝင်ဘာသာပြန်ဆိုကြောင်း သုတေသနသမားတစ်ဦးက ပြောပြပါသည်။ မြန်မာနိုင်ငံတွင် အချို့သောဘာသာစကားများကို ပြောဆိုသုံးစွဲသူပေါင်း ၂ သန်းကျော်ရှိသော်လည်း မေးခွန်းများကို တိုင်းရင်းသားဘာသာစကားတစ်ခုမျှဖြင့် ဘာသာမပြန်ကြပါ။ Asia Foundation စစ်တမ်းကို ကချင်၊ ကယား၊ ချင်း၊ ရခိုင်ဘာသာများဖြင့် ဘာသာပြန်ခဲ့ပါသည်။ အနည်းဆုံး အဖွဲ့အစည်း ၂ ခုသည် ၎င်းတို့၏ စစ်တမ်းများကို ထိုဘာသာစကားများဖြင့် ပြန်ဆိုခိုင်းထားကြောင်း ကျွန်တော်တို့သိရပါသည်။

ဘာသာပြန်ကောင်းတခု ထွက်ပေါ်လာရန်မှာ အကြိမ်ကြိမ်အဖန်ဖန် အမှန်နှင့်အနီးစပ်ဆုံးရရန် ဆောင်ရွက်ရပြီး နောက်ဆုံးအချောထည်ကို ထုတ်ယူရသည့် ဖြစ်စဉ်များ ပါဝင်နေပါသည်။ သို့သော် လတ်တလောအခြေအနေတွင် အင်္ဂလိပ်ဘာသာမှ တိုင်းပြည်အတွင်း လွှမ်းမိုးမှုအရှိဆုံး ဘာသာစကားသို့ ပြန်ဆိုရာတွင်သာ ဤသို့လုပ်ဆောင်နေသည်။ ကွင်းဆင်းလေ့လာရေးဆောင်ရွက်သောအဖွဲ့များမှ သူတို့အနေနှင့် ဗမာဘာသာစကားမှအပဖြစ်သောအခြားဘာသာများနှင့် မေးမြန်းနိုင်သည်ဟု ကျွန်တော်တို့အား ပြောသော်ငြားလည်း အင်တာဗျူးအများစုမှာ အများသုံးဘာသာစကား ဗမာဖြင့်သာ မေးမြန်းနေသည်ကို တွေ့ရသည်။ အခြားဘာသာစကားများနှင့် ပြုလုပ်သော အင်တာဗျူးများမှာ အဓိကအားဖြင့် ၎င်းဘာသာစကားပြောနိုင်သူဒေသခံများရရှိမှသာဆောင်ရွက်နိုင်သည်။ ထို့ကြောင့်သုတေသနသမားတစ်ယောက်အနေနှင့် ဗမာဘာသာစကားမဟုတ်သော အခြားဘာသာစကားများဖြင့် အင်တာဗျူးလုပ်နိုင်ခြင်းမှာ ၃၀% မှ ၄၀% လောက် သာ ရှိနိုင်သည်။ ဒေသခံတစ်ဦးကို ဌားရမ်းလိုက်ပြီး ၎င်းတို့တစ်ဦးချင်းအမြင်ဖြင့် ဘာသာပြန်ဆိုမှုများသည်လည်း ကျေနပ်ဖွယ် အဖြေမဟုတ်ပေ။ ဘာသာပြန်ဆိုသူတစ်ယောက်နှင့်တစ်ယောက် ဘာသာပြန်ဆိုပုံမတူခြင်းကြောင့် ဖြေဆိုသူက မေးခွန်း၏ အဓိပ္ပာယ်ကို အတိအကျကြားသိနိုင်ဘို့ကိစ္စကို သုတေသနသမားက ထိန်းချုပ်နိုင်မည်မဟုတ်ပေ။

ဘာသာပြန်သမားများအနေနှင့် အင်တာဗျူးသမားများနှင့်အတူ ဘာသာပြန်ဆိုခြင်း၊ လေ့ကျင့်သင်ကြားခြင်းရှိမှသာ စကားလုံးရွေးချယ်မှု မှားယွင်းခြင်းနှင့် မှားယွင်းပြန်ဆိုမှုများကို မှန်ကန်အောင်ပြုပြင်လာနိုင်စေမှာဖြစ်သည်။ ဘာသာပြန်ကောင်းတစ်ခု ရှိထားခြင်းသည် ယေဘုယျ အင်္ဂလိပ်စကားတွင် အသုံးများသော အနက်အဓိပ္ပါယ်များထဲမှ မည်သည့်အနက်အဓိပ္ပါယ်ကို မဆိုဖော်ထုတ်ပေးနိုင်မည်ဖြစ်သည်။ ထိုအနက်အဓိပ္ပါယ်များသည် ဒေသခံလူထုများ အထူးသဖြင့် ကျေးလက်လူထုများအတွက် နားမလည်နိုင်သလောက်ပင်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားဘာသာဖြင့် ပိုမိုစနစ်ကျသော ပြန်ဆိုထားမှုများကို ပြုလုပ်ရန် လိုအပ်လျက်ရှိသည်။

စစ်တမ်းကောက်ယူရေး ကုမ္ပဏီတခုတည်းမှ ပြုလုပ်သောဆန္ဒမဲကောက်ယူမှုမှာပင်လျှင် မေးခွန်း စကားလုံးအသုံးအနှုံးကွဲပြားမှုကြောင့် မတူသောအဖြေများ ထွက်လာတတ်ပေသည်။ MSR မှ တာဝန်ယူဆောင်ရွက်ခဲ့သော IRI နှင့် Asian Foundation စစ်တမ်းနှစ်ခုစလုံးတွင် မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာပြောဆိုခွင့်နှင့် ပတ်သတ်သော အလွန်တူညီသည့် မေးခွန်းများပါရှိပါသည်။ သို့သော် အများဖတ်ရှုနိုင်သော အင်္ဂလိပ်လိုထုတ်ပြန်သည့်မှုတွင် နိဂုံးချုပ်ချက်များ မတူဘဲဖြစ်နေသည်ကို တွေ့မြင်ရသည်။ "မြန်မာနိုင်ငံရှိ ပြည်သူများသည် သူတို့၏ နိုင်ငံရေးအမြင်ကို ပွင့်ပွင့်လင်းလင်း မပြောရဲလောက်အောင် စိုးရိမ် ကြောက်ရွံ့နေကြပါသလား" ဟုမေးရာတွင် "လူအများစုက ကြောက်ရွံ့မှုရှိ" ဟု ဖြေသူ ၃၃%၊ "အချို့က ကြောက်ရွံ့မှုရှိကြောင်း" ဖြေသူ ၂၀ % နှင့် "အများစု (သို့)မည်သူမျှ စိုးရိမ်ကြောက်လန့်မှုမရှိ" ဟု ဖြေသူ ၄၂ % ရှိကြောင်း "IRI" စစ်တမ်းက ဖော်ပြပါသည်။ ထို့ကြောင့် ဖြေဆိုသူအများစုသည် မိမိတို့၏အမြင်များကို ထုတ်ဖော်ပြောဆိုရန် ကြောက်ရွံ့မှုရှိသည်ဟု အဓိပ္ပါယ်ကောက်ယူရန် ဖြစ်နိုင်ပါသည်။

---

၉။ အမေရိကန်ပြည်ထောင်စုတွင် အချို့သော စစ်တမ်းကောက်ယူအဖွဲ့များသည် စပိန်ဘာသာစကားဖြင့်ပါ လူတွေ့မေးမြန်းကြသည်။ ရွေးကောက်ပွဲအကြိုစစ်တမ်းများ ကောက်ခံသည့်အခါ ဤသို့ပိုလုပ်ဆောင်ကြသည်။

"သင်နေထိုင်ရာဒေသအတွင်းမှာ လူများဟာ နိုင်ငံရေးအမြင်များကို ဖော်ပြရာတွင် လွတ်လပ်မှုရှိတယ်လို့ ခံစားရပါသလား" ဆိုသည့် Asian Foundation ၏မေးခွန်းကို ဖြေဆိုရာတွင် ၆၆%က ခံစားရပါသည် (Yes)ဟု ဖြေဆိုသည်ကို တွေ့ရသည်။ ဤအဖြေအရဆိုလျှင် လူအများစုသည် လုံး၀ စိုးရိမ်မှုမရှိဟု အဓိပ္ပာယ်ထွက်နေသည်။ သို့သော် အင်္ဂလိပ်လို မေးခွန်းအရမူ မေးခွန်းအဓိပ္ပာယ်မှာ သိသိသာသာကွဲလွဲလျက်ရှိသည်။ တဖွဲ့ကမေးသည်မှာ တနိုင်ငံလုံးအနေအထားကို မေးခြင်းဖြစ်ပြီး နောက်တဖွဲ့ကမေးခြင်းမှာ ဖြေဆိုသူ နေထိုင်ရာဒေသအတွင်း လွတ်လပ်စွာ ပြောဆိုနိုင်ခြင်းရှိမရှိ ကို မေးခြင်းဖြစ်သည်။ မည်သည့်အဖွဲ့ကမှ ဖြေဆိုသူကိုယ်တိုင်၏ လွတ်လပ်စွာ ပြောဆိုလိုခြင်း ရှိမရှိကို မေးခြင်းမဟုတ်ပေ။ အခြားသူများအပေါ် သူတို့၏အမြင်ကို မေးခြင်းသာဖြစ်ပါသည်။ ဗမာလိုဘာသာပြန်ဖြင့် ထုတ်ပြန်မည်ဆိုပါက တာဝန်ရှိသောအဖွဲ့နှစ်ဖွဲ့လုံးအနေနှင့် ထိုကွဲလွဲချက်များကို ကောင်းစွာ နားလည်သဘောပေါက်ရန်လိုအပ်ပေသည်။[၁၀]

## လူတွေ့မေးမြန်းသူများ။ ။လေ့ကျင့်ပေးခြင်းနှင့် မေးသူ-ဖြေသူအကျိုးသက်ရောက်မှု

မေးခွန်းဖြေသူများအမြင်တွင် လူတွေ့မေးမြန်းသူများသည် စစ်တမ်းကောက်ယူခြင်း၏ ကိုယ်စားပြုမျက်နှာစာ ဖြစ်နေပါသည်။ ထိုကျွမ်းကျင်သော အင်တာဗျူးမေးသူများကို လေ့ကျင့်ပေးရေးမှာ ရှေ့လုပ်ငန်းစဉ်များတွင် အဆက်မပြတ်ထည့်သွင်း ပြုလုပ်သွားရမည် ဖြစ်သည်။ ပထမဦးဆုံးအချက်အနေနှင့် အင်တာဗျူးမေးသူများအား လုပ်ငန်းလုပ်ရာတွင် ကောင်းမွန်သောရလဒ်ရရှိစေရန် ကျင့်ဝတ်ပိုင်းဆိုင်ရာနှင့် နည်းပညာကျွမ်းကျင်မှုအဆင့်ရှိစေရန် သင်ကြားပေးထားရမည်။ ၎င်းတို့မှာ နမူနာဆိုရလျှင် အိမ်ထောင်စုများ ရွေးချယ်ပုံနည်းများ၊ ဖြေဆိုသူအား လေးစားမှုဖော်ပြရန် အချက်များ၊ လျှို့ဝှက်ချက်ကို စောင့်စည်းရခြင်း၏အရေးပါပုံများ၊ မေးခွန်းတစ်စုံစီကို တသွေမသိမ်း မေးနည်းများ စသည်တို့ဖြစ်သည်။ မေးခွန်းလွှာတခုစီတွင် ရည်ရွယ်ချက်နှင့်ခေါင်းစဉ်များကွာခြားသည့်အလျောက်၊ အင်တာဗျူးမေးသူများအနေနှင့် မေးခွန်းလွှာတခုစီအတွက် သီးခြားလေ့ကျင့်ရန်လိုအပ်ပါသည်။

နေရာတိုင်းရှိ စစ်တမ်းသုတေသနပြုသူများ တွေ့ကြုံရသည့် ပြဿနာမှာ အင်တာဗျူးသမားများ၏ တဦးချင်းစရိုက်လက္ခဏာများကြောင့် ၎င်းတို့မေးမြန်းသောသူများထံမှ တုံ့ပြန်မှုများ တွင် တိကျမှန်ကန်မှု မတူညီဘဲ ကွဲလွဲနေတတ်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် အချို့သော မူဆလင် ယဉ်ကျေးမှုများအရ အမျိုးသမီးအချင်းချင်းသာလျှင် အင်တာဗျူးခွင့်ရှိသည်။ အမေရိကန်တွင်ဆိုလျှင် အထူးသဖြင့် အသားရောင်ခွဲခြားမှုရှိသော ပတ်ဝန်းကျင်မျိုးတွင် အာဖရိကန်အမေရိကန်များ၏ လူဖြူအင်တာဗျူးသူများကို ဖြေဆိုမှုများနှင့် လူမည်းအင်တာဗျူးသူများကို ဖြေဆိုသူများ မတူဘဲရှိနေတတ်သည်။ ကျေးလက်နှင့်မြို့ပြကွာခြားချက်ကြီးမားသော တိုင်းပြည်များတွင် မြို့တော်မှ အင်တာဗျူးသမားများကို ကျေးလက်သို့ စေလွှတ်အင်တာဗျူးခြင်းသည် ပြဿနာရှိနိုင်သည်။ သို့မဟုတ် ဒေသခံများ ကိုယ်တိုင် အင်တာဗျူးခြင်းသည်လည်း ပြဿနာရှိနိုင်ပါသည်။ အလားတူပင် ဖြေဆိုသူနှင့်မေးမြန်းသူ ကြား တိုင်းရင်းသား လူမျိုး မတူပါကလည်း ရလဒ်အပေါ် သက်ရောက်မှုရှိနိုင် ပါသည်။

ထိုသို့မေးမြန်းသူနှင့် ဖြေဆိုသူအပြန်အလှန်သက်ရောက်မှုများမှာ တနေရာနှင့်တနေရာ မတူညီဘဲရှိတတ်သည်။ မြန်မာနိုင်ငံ၏ စစ်တမ်းကောက်ခြင်း နည်းပါးခဲ့သော သမိုင်းကြောင်းအရ ထိုသက်ရောက်မှုအတိုင်းအတာ မည်မျှရှိ သည်ကို မသိနိုင်ပေ။ သို့သော်လေ့လာသူ သုတေသနသမားများအနေနှင့် ကောင်းမွန်သောရလဒ်ထွက်အောင် အလေးထား အာရုံစိုက်ရမည်ဖြစ်သည်။[၁၁]

## လူတွေ့မေးစဉ် လျှို့ဝှက်ရေးနှင့် သီးသန့်လွတ်လပ်ခွင့်

မြန်မာနိုင်ငံတွင် လူတွေ့မေးမြန်းခြင်းကို မေးသူနှင့်ဖြေသူ မျက်နှာခြင်းဆိုင်လုပ်ဆောင်ကြခြင်းဖြစ်သည်။

"လူတွေ့" မေးမြန်းခြင်းကို နေရာတိုင်းတွင် တန်ဖိုးထား လုပ်ဆောင်နေကြပါသည်။ ဖြေဆိုသူ၏ သီးသန့် လွတ်လပ်ခွင့်သည် အလွန်အရေးကြီးသည်။ အထူးသဖြင့် တိုင်းပြည်တွင်းစစ်တမ်း သုတေသနပြုချက်များ၏ တရား

၁၀။ Asia Foundation သည် မြန်မာဘာသာဖြင့် ရေးသားထားသော မေးခွန်းများကို အင်တာနက်တွင် တင်ပေးထားသည်။
၁၁။ နိုင်ငံအဆင့် အဖွဲ့အစည်းတစ်ခု ရှိထားခဲ့လျှင် ထိုကဲ့သို့သတင်းအချက်အလက်များကို မျှဝေရန်အတွက် နေရာတစ်ခုကို ဖန်တီးပေးနိုင်သည်။ မှားယွင်းလွဲချော်မှုများကို ဖြေလျော့ပေးမည့် နည်းလမ်းကိုလည်း ရှာတွေ့စေနိုင်မည်။

ဂင်မှုနှင့် ရိုးသားမှုအပေါ် လူအများသံသယရှိနေ သောအခါမျိုးတွင် အလွန်အရေးကြီးပါသည်။ ဖြေဆိုသူသည် တဦးချင်းသီးခြားဖြေဆိုခြင်းလား၊ သို့မဟုတ်ဘေးမှ အခြားသူများကပါ ဂင်ရောက်နားထောင်နေသလားဆိုသည့်အချက်သည် အရေးကြီးသည်။ အချို့သော အဖွဲ့အစည်းများသည် ပေါ်လစီနှင့် ဆက်နွယ်သော လုပ်ငန်းများလုပ်ဆောင်ရာတွင် မေးခွန်းလွှာများကို အုပ်စုလိုက် ဖြည့်စွက် ဖြေဆိုခြင်းများပြုတတ် ကြသည်။ တချို့နေရာများတွင် ဤနည်းလမ်းကိုအသုံးပြုနေသော်လည်း ဤနည်းကို စစ်တမ်းကောက်ယူရာတွင် အကောင်းဆုံးနည်းဟု မမှတ်ယူနိုင်ပေ။ နိုင်ငံတကာ သုတေသနပြုစံချိန်စံညွှန်းများ ဖြစ်သည့် ESOMAR/ICC Code နှင့် ESOMAR/WAPOR Guide to Opinion Polls and Published Surveys တို့တွင် ဖြေဆိုသူ၏ လျှို့ပုက်ရေးနှင့် တဦးချင်းလွတ်လပ်မှုကို အာမခံပေးရန် အလေးထားဖော်ပြထားသည်။ သုတေသနလုပ်ငန်းအတွက်လိုအပ်သော ပုဂ္ဂိုလ်ရေး ဆိုင်ရာသတင်းအချက်အလက်များကိုသာ စုဆောင်းပါသည်ဟု အာမခံပေးရမည်။ ၎င်းသတင်းအချက်များကို သုတေသန လုပ်ငန်းရပ်များတွင်သာ အသုံးပြုမည်ဆိုသည်ကို အာမခံ ရမည်ဖြစ်သည်။ လူအများအလယ်တွင် မေးခွန်းမေးခြင်းမဟုတ်ပဲ တစ်ဦးချင်းသီးသန့် မေးလျှင်ထို့သို့အာမခံပေးရန် ပိုလွယ်ကူသည်။

ထိုသို့မြန်မာသုတေသနသမားများမှ မေးခွန်းဖြေသူများ၏ သီးသန့်လွတ်လပ်မှုကို ကာကွယ်ပေးရန် ကြိုးပမ်းနေသည်ဟု ကျွန်ုပ်တို့ ယုံကြည်မှုရှိနေစဉ်မှာပင် နိုင်ငံတကာသုတေသနကုမ္ပဏီ ၂ ခုက[၁၂] ဖြေဆိုသူများအနေဖြင့် အသံထွက်ဖြေစရာမလိုပဲ တက်ပလက် ကွန်ပြူတာ (tablets)များကို အသုံးပြုပြီး ဖြေဆိုနိုင်ရန် ခြေလှမ်းတဆင့်တိုးလုပ်ဆောင်လာခဲ့ကြသည်။ ထိုသို့ တက်ပလက်များ အသုံးပြုခြင်းကြောင့် စာရွက်ဖြင့်ရေးသားထားသော မေးခွန်းများ မလိုအပ်တော့ပဲ၊ စစ်တမ်းကောက်ယူမှုကို မလိုလားသူများက စာရွက်များကို သိမ်းဆည်းထားနိုင်သွားသည့် အန္တရယ်မျိုးလည်း မရှိနိုင်တော့ဟု သုတေသီတဦးကဆိုပါသည်။

ဖြေဆိုသူများသည် မေးခွန်းရေးသားထားသည့် ဘာသာစကားကိုတတ်မြောက်ပြီး ကွန်ပျူတာကို အခြေခံအကျဆုံးသုံးစွဲနိုင်သည်ဟု ယူဆပါက တက်ပလက်များကို အသုံးပြုခြင်းသည် ကောင်းမွန်သော ချဉ်းကပ်မှုဖြစ်ပါသည်။[၁၃] သို့သော် မြန်မာနိုင်ငံတွင် ဆဲလ်ဖုန်းသုံးစွဲမှုနှင့်သတင်း အချက်အလက် ဖော်ပြနိုင်မှု အကန့်အသတ် အလွန်ကြီးနေသည်။ အကယ်၍ လူဦးရေ၏ ၁၅%ခန့်ကသာ ဆဲလ်ဖုန်း သုံးစွဲနိုင်မှုရှိမည်ဆိုလျှင် အင်တာဗျူးသမားများသည် မေးမြန်းပြီးနောက် ရက်အတော်ကြာခရီးသွားပြီးမှ စုဆောင်းထားသော သတင်းအချက်အလက်အများစုကို ရုံးချုပ်သို့ လွှဲပြောင်းပေးနိုင်မည်ဖြစ်သည်။ မတော်တဆအချက်အလက်ဆုံးရှုံးမှုများလည်း ဖြစ်နိုင်သည်။ အကယ်၍ ဖုန်းသုံးစွဲနိုင်မှုတိုးပွားလာပါက ဤကိစ္စ တိုးတက်လာနိုင်သည်။ အလွန်လျင်မြန်ကောင်းလျင်မြန်လာမည်ဖြစ်သည်။

တယ်လီဖုန်းလွှမ်းခြုံနိုင်မှု အကန့်အသတ်ဖြင့်သာ ရှိနေခြင်းကြောင့် မေးခွန်းမေးမြန်းရာတွင် အသုံးပြုမည့်ကိရိယာဟု ၎င်းကို လက်ရှိတွင်မစဉ်းစားနိုင်ပါ။ သို့သော် စစ်တမ်းအချက်အလက် ကောက်ယူရာတွင် လူတွေ့မေးမြန်းချင်းထက် ပုဂ္ဂိုလ်ရေးလုံခြုံမှုပိုရှိသော နည်းလမ်းအဖြစ်တော့ စဉ်းစားနိုင်ပါသည်။

၁၂။ TNS Myanmarနှင့် River Orchid
၁၃။ အခြေခံကွန်ပျူတာ တတ်မြောက်မှုရှိရုံနှင့် တက်ပလက်များကို အသုံးပြုနိုင်ပြီး စစ်တမ်းမေးခွန်းများကို ဖြေဆိုရာတွင်လည်း အခက်အခဲများကို မရှိသလောက်နည်းသွားစေသည်

# စစ်တမ်းများကို အစီရင်ခံစာရေးသားတင်ပြခြင်းနှင့် အချက်အလက်များကိုနားလည်ခြင်း

ဂျာနယ်များ၏ သမိုင်းကြောင်းအရ စစ်တမ်းများကို ရေးသားတင်ပြဖူးသည့် အစဉ်အလာမရှိခဲ့မှုနှင့် မြန်မာ မီဒီယာအဖွဲ့များနှင့် နိုင်ငံရေးပါတီများ ဆက်နွယ်ပေါင်းစည်းမှုများကြောင့် စစ်တမ်းရလဒ်များသည် ဘက်မလိုက်သော အချက်အလက်များအဖြစ်မဟုတ်ဘဲ၊ နိုင်ငံရေးကြေညာချက်များ သဖွယ်ထွက်ပေါ်လာတတ်သည်။ သတင်းထောက်၏ သဘောတူညီမှု ရှိခြင်း/မရှိခြင်း အပေါ်မူတည်ပြီး လက်ခုပ်ဩဘာပေးထောက်ခံခြင်း (သို့) ဝေဖန်ခြင်းခံရတတ်သည်။ နိုင်ငံရေးခေါင်းဆောင် အများအပြားထံမှလည်း ထိုတုံ့ပြန်မှုမျိုး ထွက်ပေါ်လာလေ့ရှိသည်။ IRI စစ်တမ်း ထွက်ပေါ် လာပြီးနောက် အုတ်အော်သောင်းနင်းဖြစ်ပေါ်မှုသည် ပါတီဘက်လိုက်မှုကင်းသော ဂျာနယ်လစ်ဇင်ဒမရှိခြင်းကို ဖော်ညွှန်း နေခြင်းဖြစ်သည်။ ထို့အပြင်၄င်းသည် ဂျာနယ်လစ်၊ နိုင်ငံရေးသမားများနှင့် အရပ်ဘက်အဖွဲ့အစည်းများကြား လူထုစစ်တမ်း ကောက်ယူမှု ရလဒ်များ အပေါ်မည်သို့ အဓိပ္ပာယ် ဖွင့်ရမည်ကို နားမလည်ခြင်းလည်းဖြစ်သည်။

ပြည်တွင်းအဖွဲ့အစည်းအတော်များများသည်သုတေသနကောင်းများထွက်ပေါ်လာအောင်စွမ်းဆောင်နိုင်သည်ကို တွေ့ရသည်။ သို့သော်ထိုသုတေသနများ အပေါ်လူထုနှင့် အီလိ (Elite) အလွှာများ၏ နားလည်နိုင်မှု စွမ်းရည်မှာ တူညီမှုမရှိဘဲ၊ နိုင်ငံရေးပါတီများကြား အမျိုးမျိုးပျံ့နှံ့နေခြင်းဖြစ်သည်။ ကျွန်တော်တို့ တွေ့ဆုံစကားပြောခဲ့ရသော လူအများအပြားက ပြောသည်မှာ ယူအက်ဒီပီ နှင့် အစိုးရအတွင်းရှိ တဦးချင်းပုဂ္ဂိုလ်များက လူထုစစ်တမ်းရလဒ်များအပေါ် နားလည်နိုင်စွမ်းရှိပြီး၊ ထိုသတင်းအချက် အလက်များကို မည်သို့အသုံးချရမှန်းသိကြသည်။ သို့သော် အန်(န်)အယ်(လ်) ဒီ နှင့် အရပ်ဘက်အဖွဲ့အစည်းအတွင်း ရှိလူများက ထိုသို့ နားလည်နိုင်စွမ်း အသုံးချနိုင်စွမ်း ရှိမရှိသိပ်မသေချာဟု အဆိုပါပုဂ္ဂိုလ်များက ပြောပါသည်။

အရပ်ဖက်အဖွဲ့အစည်းများ၏ အမြင်များကို ထောက်ခံအားပေးသော အစိတ်အပိုင်းများပါလျှင်ပင် အစိုးရ ဆောင်ရွက်ချက်များအား အကောင်းမြင် အကဲဖြတ်ချက် တစုံတရာရှိနေသည့် စစ်တမ်းတွေ့ရှိချက်တစ်စုံလုံးအပေါ် အရပ်ဘ က်အဖွဲ့များ၏ တုံ့ပြန်ပြောဆိုမှုများမှာ လက်မခံပစ်ပယ်ခြင်းပင်ဖြစ်သည်ဟု ကျွန်တော်တို့နှင့် စကား တွေ့ဆုံစကားပြောသူ များကပြောပြပါသည်။ အခြားသော စစ်တမ်းကောက်ယူချက်များမှလည်း အရပ်ဘက် အဖွဲ့အစည်းများ၏ ရှုမြင်ချက်များကို ထောက်ခံလျက်ရှိသည်။ အန်(န်)အယ်(လ်)ဒီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏နိုင်ငံရေးအရအကျိုးသက်ရောက်မှုကို IRI စစ်တမ်းအတွင်း ဖော်ပြထားသည်။ ဥပမာအားဖြင့် ၅၄%သော လူများက နိုင်ငံခြားသားတစ်ဦးနှင့် လက်ထပ်ထားသော တစုံတယောက်အား သမ္မတမဖြစ်နိုင်စေရန် တားမြစ်ထားသော ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မကို ရုပ်သိမ်းစေလိုကြသည်။ ထိုဥပဒေသည် ဒေါ်အောင်ဆန်းစုကြည်အား သမ္မတမဖြစ်စေရန် ပိတ်ပင်ထားသည်ဟု ပြောပြလိုက်သောအခါတွင် ရုပ်သိမ်းစေလိုသူများသည် ၆၄% အထိမြင့်တက်လာသည်။ ကိစ္စရပ်အများစုကြားတွင် အန်(န်)အယ်(လ်)ဒီ ၏ရမှတ်သည် ယူအက်ဒီပီ ထက် များသည်ကို တွေ့ရသည်။[၁၄]

IRI စစ်တမ်းအပေါ် ဆန့်ကျင်သည့် တုန့်ပြန်ချက်များသည် ထိုစစ်တမ်းရလဒ်ကို ထုတ်ပြန်သည့် နည်းလမ်း ကြောင့်လည်း ပိုမိုဆိုးဝါးသွားသည်။ သဘောထားထင်မြင်ချက်စစ်တမ်းများနှင့် တွေ့ကြုံလေ့ မရှိသော နိုင်ငံတနိုင်ငံအတွင်း ရှင်းလင်းချက်ဖွင့်ဆိုချက် အစီရင်ခံစာ များမပါဝင်ဘဲ ပါဝါပွိုင့်များ ဖြင့်သာ တင်ပြခြင်းသည်လည်း လုံလောက်မှုမရှိပေ။ IRIအနေနှင့် ဗမာဘာသာ၊ အင်္ဂလိပ်ဘာသာ တို့နှင့် သတင်းထုတ်ပြန်ရှင်းလင်းခဲ့သော်လ ည်း ၄င်းတို့အနေနှင့် စစ်တမ်းရလဒ်များအပေါ် အနက်အဓိပ္ပါယ်ဖွင့်ဆိုမှုကို ထိန်းချုပ်နိုင်ခြင်းမရှိခဲ့ပေ။ အကြောင်းမှာ ထိုသတင်းထုတ်ပြန်မှုများနှင့်အတူ ယှဉ်တွဲ၍ ကိုယ်ပိုင်ရှင်းလင်းဖွင့်ဆိုချက်များ မပြုလုပ်နိုင်သောကြောင့်ဖြစ်သည်။ ထိုဖွင့် ဆိုချက်များပြုလုပ်ခဲ့သည်ဆို လျှင် ၄င်းတို့ကို အဖွဲ့အစည်း၏(စစ်တမ်းကောက်ခံသူများ၏) တရားဝင် သုံးသပ်ချက်များ အဖြစ်သာ ဖော်ပြခဲ့မည်ဖြစ်သည်။ အနက်အဓိပ္ပါယ်ဖွင့်ဆိုချက် များအပေါ် ဝေဖန်မှုများရှိလာမည်ဖြစ်သည့်တိုင် ဝေဖန် သူများသည် ထိုဖွင့်ဆိုချက်များကို အစီရင်ခံတင်ပြ ရမည်ဖြစ်ပါသည်။ IRI ၏သတင်းထုတ်ပြန်ကြေငြာချက်သည် တိုတောင်းလွန်းခဲ့သောကြောင့် အဆိုပါ စစ်တမ်းရလဒ်များ၏ သိမ်မွေ့များပြားသည့် အနက်အဓိပ္ပါယ် သဘောကို

၁၄။ ပြည်သူများသည် နိုင်ငံရေးပါတီထက် ပါတီခေါင်းဆောင် လူပုဂ္ဂိုလ်ကို ပိုပြီးသစ္စာရှိသည့်ဆိုသည့် အရှေ့တောင်အာရှအတွင်း အခြားနေရာများတွင် ဖြစ်နေသော အခြေအနေကိုလည်း ၎င်းကဖော်ထုတ်ပြသနေနိုင်ပါသည်။

ကိုင်တွယ်နိုင်ခြင်းမရှိကြောင်း တွေ့ရသည်။

စစ်တမ်းကောက်ယူရရှိချက်များအပေါ် ဆန့်ကျင်ဘက်တုန့်ပြန်မှုများ ရှိခဲ့သည့်အတွက် IRI နှင့် USAID သည် နောင်တွင် ထိုသို့သော စစ်တမ်းများကို လူသိရှင်ကြား မထုတ်ပြန်ရန် ပြောဆိုနေပါသည်။ IRI အနေနှင့် ၎င်း၏လုပ်ရိုးလုပ်စဉ်ဖြစ်သော ပါတီနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ပါတီများသို့သာ ပေးကာ လူထုကြားမချပြသည့် ပုံစံမျိုးကို ရွေးချယ်ကျင့်သုံးသွားနိုင်ပါသည်။ ထိုသို့လုပ်ဆောင်ပါကလည်း ထိုပေါ်လစီသည် နောက်ပြန်ဆွဲသော ပေါ်လစီသာဖြစ်ပါလိမ့်မည်။ ထိုသို့ဖြစ်ခဲ့ပါကအချို့သတင်းများမှာ သတင်းဌာနများသို့ ပေါက်ကြားမှာဖြစ်ကာ၊ ထိုသတင်းများသည် ကမကထပြုပေးသော အဖွဲ့အစည်းများနှင့် ကျွမ်းကျင်သူ သုတေသနသမားများ၏ သတင်းတိကျမှုအပေါ် တည်းဖြတ်ထိန်းချုပ်မှုမပါဘဲ ပြန့်နှံ့သွားမည်ဖြစ်သည်။ ပြည်သူလူထု အနေနှင့် တိကျသော စစ်တမ်းရလဒ်အဖြေများ မရရှိမှာ သေချာသလောက်ပင်ဖြစ်ပါသည်။ ဤသည်မှာ ကံမကောင်း လှသောရလဒ်ပင်ဖြစ်သည်။ ဤကိစ္စမျိုးကို အဖွဲ့အစည်း၏ ဦးဆောင်အဖွဲ့မှတာဝန်ယူဆုံးဖြတ်လိမ့်မည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ ကိုယ်စားလှယ်များသီးသန့်ကသာ ဆုံးဖြတ်နိုင်မည်မဟုတ်ပေ။ ဤသို့သောဖြစ်ရပ်မှာ IRI ၏မူလ ရည်မှန်းချက်ဖြစ်သော မဲဆန္ဒရှင်များ၏ လိုအပ်ချက်များအား "အကြောင်းအရာတခုချင်းစီအပေါ် လိုက်၍ တာဝန်ခံဆောင်ရွက်နေသော" ပါတီများအား တည်ဆောက်ပေးခြင်းအားဖြင့် ဒီမိုကရေစီကိုမြှင့်တင့်ရန်ဆိုသော ရည်မှန်းချက်ကို ဖျက်ဆီးသလိုဖြစ်နေသည်။ ပါတီများအနေနှင့် စစ်တမ်းအချက်အလက်များကိုလက်ခံရရှိချိန်တွင် မဲဆန္ဒရှင်များအနေနှင့်လည်းအခြားသောနိုင်ငံသားများ မည်သို့စဉ်းစားသည်ကို နားလည်နိုင်မည်မဟုတ်ခြင်း(သို့) ၎င်းတို့အားလုံး၏ လိုအပ်ချက်က ဘာဖြစ်သည်ဆိုသည်ကို သိရှိနိုင်မည်မဟုတ်ဘဲ သူတို့အနေနှင့် ပါတီများ၏ တာဝန်ခံမှုများကို ဆုပ်ကိုင်မိနိုင်မည်မဟုတ်တော့ပေ။ ဤသည်မှာ IRI ဂက်ပ်ဆိုက် တွင် ဖော်ပြထားသောအချက်နှင့် ပြောင်ပြောင်ကြီးဆန့်ကျင်နေပေသည်။ "သတင်းအချက်အလက်ကောင်းစွာ ရရှိထားသော နိုင်ငံသားများသည် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး၏ အနှစ်သည်းချာပင်ဖြစ်သည်ဟု IRIက ယုံကြည်သည်။ အရည်အသွေးအရရော အရေအတွက်အရပါ လုံလောက်မှုရှိသော သုတေသနများသည် ခေတ်ပေါ် လူ့အဖွဲ့အစည်းများအတွက် အခရာဖြစ်သည်။ ထိုသုတေသနဖြစ်စဉ်များကို ရှင်းရှင်းလင်းလင်း လုပ်ဆောင်ခြင်းအားဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရန်အတွက် အာမခံချက်ရှိစေပြီး လူထုအား ထိုရလဒ်များအပေါ် ယုံကြည်မှု တိုးမြှင့်တိုးမြှင့်စေခြင်းက IRI၏ လူထုစစ်တမ်းကောက်ယူသော အဓိကရည်မှန်းချက်ဖြစ်သည်" ဆိုသည့်အချက်ဖြစ်သည်။ နိုင်ငံသားများအား သတင်းအချက်အလက်ပေးရာတွင် စစ်တမ်းကောက်ယူပုံကောက်ယူနည်းအား ပြောပြချင်းသည်လည်း တစ်ခုဖြစ်သည်။ IRI သည် ယေဘုယျအားဖြင့် ပွင့်ပွင့်လင်းလင်းထုတ်ဖော်သော ပေါ်လစီရှိသည်။ ၎င်းတွင် ခေါင်းစဉ် အများစုမှာ လူထုစစ်တမ်း သတင်းအချက်အလက်ယူရေးလုပ်ငန်း၏စံဖြစ်သော အချက်များဖြစ်နေသည်။ မေးခွန်းများအပေါ် တုံ့ပြန်မှုနှုန်းကိုပင် IRI က ဖွင့်ပြောခဲ့သည်။ ဖွံ့ဖြိုးပြီး ဒီမိုကရေစီနိုင်ငံများတွင်ပင် အဖွဲ့အစည်းအားလုံးသည် တုံ့ပြန်မှုနှုန်းကို ဖွင့်မပြောကြပါ။ သို့သော် IRI သည် စစ်တမ်းကောက်ယူရာတွင် အသုံးပြုခဲ့သော ဘာသာစကား(သို့) ဘာသာစကားများကိုမူ ထင်ထင်ရှားရှားဖော်ပြခဲ့ခြင်းမရှိပေ။

အာရှဖောင်ဒေးရှင်းက သတင်းထုတ်ပြန်ချက် ပေးအပ်ခဲ့ပြီး၊ ၎င်းတို့စစ်တမ်း၏ အကျဉ်းချုပ်ကို ချပြခဲ့သည်။ ၎င်းတွင် နမူနာပုံစံများ၊ အရည်အသွေးထိမ်းချုပ်မှုများနှင့် ပတ်သက်သော အလွန်အသေးစိတ်ကျသည့် သတင်းအချက်များ ပါဝင်သည်။ ဖြည့်စွက်ချက်အနေဖြင့် မေးခွန်းအပြည့်အစုံကိုပါ အင်္ဂလိပ်နှင့်ဗမာဘာသာတို့ဖြင့် ၎င်းတို့၏ ဂက်ပ်ဆိုက်တွင် ထုတ်ပြန်ထားသည်။ (ဤသည်မှာ IRI မှာ ပြုလုပ်ခြင်းမရှိသောအရာဖြစ်သည်။) ၎င်းပြင် အစိုးရအဖွဲ့ဝင် အဆင့်ဆင့်အမျိုးမျိုးနှင့် နိုင်ငံရေးဇာတ်ကောင် အမျိုးမျိုးတို့အတွက် တင်ပြချက်များပါ ပါဝင်သည်။ အာရှ ဖောင်ဒေးရှင်း၏ စစ်တမ်းများသည် IRI လောက် အုတ်အော်သောင်းတင်း ဖြစ်မသွားသော်လည်း ၎င်းဖောင်ဒေးရှင်းသည် ရေးသားတင်ပြမှု၊ ဆွေးနွေးပြောဆိုမှုအားလုံးအပေါ် မထိန်းချုပ်နိုင်ခဲ့ပါ။ လမ်းညွှန်မှု မပါသော သတင်းအချက် အများအပြားကို ထုတ်ပြန်ခဲ့ခြင်းကြောင့် စစ်တမ်းရလဒ်များနှင့် ယှဉ်ပါးခြင်းမရှိသော ဂျာနယ်လစ်များအတွက် ရှုပ်ထွေးမှုဖြစ်စေသည်။ ၎င်းသည် မည်သည့်အုပ်စု (မီဒီယာ၊ ပါတီများ(သို့)အခြားသောသုတေသနပြုသူများစသည်တို့)ကို ရည်ညွှန်းမှန်း ရှင်းရှင်းလင်းလင်း မရှိဘဲ သတင်းအချက်အလက်အများအပြားကို ပုံစံအမျိုးမျိုးဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ကိုယ့်ကိုယ်ကို ဆင်ဆာဖြတ်တောက်မှုလုပ်ဆောင်နေသော စစ်တမ်းကောက်ယူသူများထက်စာလျှင် Asia Foundation ၏ ပွင့်လင်းမှုသည် နှစ်သက်စရာဖြစ်ပေသည်။

Myanmar Egress သည်လည်း မြန်မာနိုင်ငံသားဖြစ်မှုအပေါ် ၂ နှစ်လေ့လာပြီး အစီရင်ခံစာတခု ထုတ်ခဲ့သည်။

၄င်းအစီရင်ခံစာမှာ အခြေခံအားဖြင့် တိုင်းရင်းသားနယ်မြေများ အပါအဝင် နိုင်ငံတလွှားရှိ ပညာတတ်မြောက်သော အလတ်အလတ်နှင့် အလတ်အောက်လွှာများရှိ ဖြေဆိုသူများကို အာရုံပြု မေးမြန်းခဲ့ခြင်းဖြစ်သည်။ Myanmar Egress အစီရင်ခံသည် ကျဘမ်း ကောက်ယူသော စစ်တမ်းမဟုတ်ကြောင်း ရှင်းရှင်းလင်းလင်းဖော်ပြထားပြီး၊ အချက်အလက်များ မည်သို့ကောက်ယူခဲ့သည်ဆိုသော ဖော်ပြချက်မှာ ပြည့်စုံသည်ကို တွေ့ရသည်။

## မြန်မာနိုင်ငံအတွင်း စစ်တမ်းကောက်ယူခြင်းအပေါ် ဝေဖန်ချက်များအား သုံးသပ်ဖြေရှင်းခြင်း

မြန်မာနိုင်ငံအတွင်း သဘောထား စစ်တမ်းကောက်ယူခြင်းများနှင့် ပတ်သက်၍ ကြားသိရသော ဝေဖန်ချက်များကို သုံးသပ်ခြင်းနှင့် ဝေဖန်မှုတစ်ခုစီသည် မည်မျှအထိမှန်ကန်နိုင်သည်ကို ဆန်းစစ်ခြင်းသည် အကျိုးများနိုင်ပါသည်။

၁။ " စစ်တမ်းကောက်ယူမှုသည် အစိုးရ၏ သဘောတူခွင့် ပြုချက်ရယူရန်လိုအပ်သည်။" ဤဖြစ်စဉ်များနှင့် ပတ်သက်၍ ကျွန်တော်တို့ နားလည်မှုအရဆိုလျှင် သုတေသနလုပ်ငန်းပြုလုပ် တော့မည်ဆိုခြင်း အပေါ် ပြန်ကြားရေးဝန်ကြီးဌာနကို အကြောင်းရမည်ဖြစ်သည်။ ၄င်းပြင်ကျေးရွာများတွင် ကွင်းဆင်းအင်တာဗျူးမလုပ်မီ၊ ဒေသအာဏာပိုင်များထံ သုတေသနအကြောင်း ဖော်ပြထားသည့် စာကိုပေးအပ်ရန်လိုပါသည်။ ကျွန်တော်တို့ သိရသော အခြေအနေများအရ သုတေသနအဖွဲ့အစည်း အများစုမှာ ဤစည်းမျဉ်းများကို အတိအကျလိုက်နာကြသော်လည်း အချက် အလက်စုဆောင်းခြင်းဖြစ်စဉ်များအပေါ် သက်ရောက်မှုများသည် ဥပဒေက ညွှန်းဆိုထားသလောက် မရှိသည်ကို တွေ့ရသည်။ သုတေသနသမားတယောက်၏ အတွေ့အကြုံအရ အင်တာဗျူးပြုလုပ်ရန် တင်ပြချက်ကို ရပ်ရွာခေါင်းဆောင် ဖတ်ရှု၍ မပြီးမီ(သို့)၄င်းသိရှိဆောင်ရွက်ခြင်းမတိုင်မီမှာပင် ကျေးရွာများတွင် အင်တာဗျူးခြင်းလုပ်ငန်းအများစုမှာ ပြီးဆုံးနေခဲ့ပြီဖြစ်သည်။ အခြားအဖွဲ့အစည်းတခု၏ ဂန်ခံပြောဆိုအချက်အရ ဒေသခံခေါင်း ဆောင်ထံမှ တိုက်ရိုက်ခွင့်ပြုချက်မရှိဘဲ လေ့လာမေးမြန်းမှုများ ပြုလုပ်နိုင်ခဲ့ကြသည်ဟုဆိုပါသည်။
နိုင်ငံအများစုတွင် ထိုသို့သော စည်းမျဉ်းများမရှိပါ။ ထိုစည်းမျဉ်းများရှိသောနေရာများတွင်လည်း၊ ၄င်းတို့ကို လျစ်လျူရှုနိုင်သည် သို့မဟုတ် အကောင်အထည်မဖော်နိုင်ခြင်းလည်းရှိသည်။ ထိုသို့သော စည်းမျဉ်းများ မြန်မာနိုင်ငံတွင် မရှိရန် ကျွန်တော်တို့လိုလားပါသည်။ လောလောဆယ်တွင်မူ ကောင်းမွန်သော စစ်တမ်းကောက်ယူခြင်းများကို တားဆီးခြင်း(သို့)လူထုပါဝင်မှုကို ကန့်သတ်ခြင်းများ မတွေ့ရသေးပါ။

၂။ " မြန်မာလူထုသည် အစိုးရကို ဝေဖန်လိုစိတ်မရှိ" ဤသို့သော ပြောဆိုမှုကို နိုင်ငံအများအပြား၏ စစ်တမ်းကောက်ယူရာတွင် တွေ့ရလေ့ရှိသည်။ အထူးသဖြင့် အာဏာရှင်စနစ်(သို့) စစ်တပ်အုပ်ချုပ်မှုအောက်မှ လွတ်မြောက်လာကာစတွင် တွေ့ရှိရသည်။ တကယ့်လက်တွေ့တွင် ထိုသို့မဟုတ်ပါ။ ဆိုဗီယက်ယူနီယံ၏ အစိတ် အပိုင်းဖြစ်ခဲ့ဘူးသော နိုင်ငံများတွင် လေ့လာတိုင်းတွာမှုများ စတင်ပြုလုပ်ချိန်မှစ၍ အစိုးရအပေါ် မကျေနပ်ချက်များကို တိုင်းတာနိုင်ခဲ့သည်။ အလားတူပင် အီရတ်တွင် တိုက်ပွဲများ ဆက်လက်ဖြစ် ပွားနေချိန်မျိုးမှာပင် ကောင်းမွန်သော လေ့လာတိုင်းတွာမှုများပြုလုပ်နိုင်ခဲ့ကြသည်။ ၂၀၁၂ ခုနှစ် အစောပိုင်းကာလများက သုတေသနပြုလုပ်ခဲ့ကြသော ပုဂ္ဂိုလ်များ၏ ပြောပြချက်များအရ မြန်မာနိုင်ငံရှိ ဖြေဆိုသူများသည် ၄င်းတို့၏အမြင်များကို ရိုးသားစွာပြောဆိုနိုင်ကြသည်ဟု ဆိုပါသည်။ သုတေသီတဦးက ပြောပြသည်မှာ အစောဆုံးကာလ လေ့လာတိုင်းတွာမှုများမှာပင် ဖြေဆိုသူ အများအပြားသည် အစိုးရ၏ အလုပ်အကိုင်အစီစဉ် မပေးနိုင်မှု အခြေခံအဆောက်အအုံ တိုးတက်အောင် မလုပ်နိုင်မှု စသည်တို့ကို ဝေဖန်ပြောကြားရခြင်းကို နှစ်သက်စွာပြုလုပ်ကြသည်ဟုဆိုပါသည်။ ထို့အပြင် ထိုအင်တာဗျူးများတွင် ပါဝင်ရန်လည်း လိုလားမှုရှိကြသည်။ မေးခွန်းများအပေါ် တုံ့ပြန်မှုနှုန်းသည် ၇၉% ဟု IRI စစ်တမ်းက ဖော်ပြထားရာ ဖွံ့ဖြိုးပြီး ဒီမိုကရေစီနိုင်ငံများ၏ နှုန်းထက်ပင်များစွာ မြင့်မားလျက်ရှိသည်။ Asian Foundation စစ်တမ်းအပေါ် တုံ့ပြန်မှုသည်လည်း

ထို့ထက်ပင်မြင့်မားနေသည်။

စစ်တမ်းကောက်ယူမှုကို ဆန့်ကျင်သော အဆိုပြုချက်များနှင့် ဆက်နွယ်နေသည် ဒုတိယ ဝေဖန်ရေးတမျိုးရှိပါသေးသည်။ ၎င်းမှာ အချို့သော အကဲဖြတ်ချက်များကို ထုတ်ဖော်မေးလိုက်သည်နှင့် ဘက်လိုက်တိမ်းညွတ်မှုများ ပါဝင်သွားသည်ဟုဖြစ်သည်။ ဥပမာအားဖြင့် အစိုးရနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ချုပ်ကိုင်ထားသော လုံခြုံရေးနှင့်လူမှုဖူလုံရေးစသော ကဏ္ဍများတွင် နိုင်ငံရေးပါတီများ၏ လုပ်ဆောင်နိုင်စွမ်းကို မေးသောမေးခွန်းများသည် မျှတမှုမရှိဟု စစ်တမ်းကောက်ယူမှု ဆန့်ကျင်သူများက ပြောကြခြင်းဖြစ်သည်။ အချို့သောနိုင်ငံများ၏ စစ်တမ်းများအရ လက်ရှိအာဏာရမဟုတ်သော ပါတီများသည်လည်း အာဏာချုပ်ကိုင်ထားသော ပါတီများထက် ပိုမိုလုပ်ဆောင်နိုင်သည်ဟု လူထုက ယုံကြည်ကြကြောင်း တွေ့ရှိရသည်။ စိတ်ကူးယုံသက်သက်မျှမေးသော မေးခွန်းများတွင် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်မျိုး၌ ထိုသို့အာဏာလက်ရှိမဟုတ်သော ပါတီများအပေါ် ယုံကြည်မှုရှိ ကြောင်း ဖော်ပြကြခြင်းဖြစ်သည်။

၃။ " စစ်တမ်းကောက်ယူရေးလုပ်ငန်းစဉ်များသည် ဒေသခံပြည်သူများအတွက် အစိမ်းသက်သက်ဖြစ်သည်။ ထို့ကြောင့်သူတို့၏ ခံစားချက် အစစ်အမှန်ကို ပြောဆိုနိုင်မည်မဟုတ်ပေ" ။ ဒုတိယ ကမ္ဘာစစ်အပြီးတွင် အမေရိကန်စစ်တပ်က စစ်တမ်းကောက်ယူခြင်းကို ဂျပန်သို့ သယ်ဆောင်သွားခဲ့သည်။ ဂျပန်တွင် ထိုလုပ်ငန်းဖွံ့ဖြိုးလာရန် စံနှုန်းများလိုအပ်သည်။ သင်ဘယ်လိုထင်မြင်သလဲဟု မေးခြင်းမှာ ဂျပန် မဆန်ပေ။ ဂျပန်တွေဘယ်လိုထင်မြင်သလဲဟု မေးခွန်းအများစုကို မေးခဲ့ရသည်။ ၎င်းပြင်မေးမြန်းသူများသည် ဖြေဆိုသူများထက် ငယ်ရွယ်လေ့ရှိသည်။ စစ်တမ်းထဲတွင် ပါသောမေးခွန်းများကို အပြင်တွင် လက်တွေမေးမြန်း ပြောဆိုဖို့ဆိုသည်မှာ ဂျပန်တွင်ထိုတုန်းက မဖြစ်နိုင်ခဲ့ပေ။

ထိုသို့သော ဘာသာစကားအခက်အခဲမျိုးကို မြန်မာနိုင်ငံတွင် မတွေ့ရပါ။ Asia Foundation ၏ လေ့လာမှုတွင် လူထုသည် အစိုးရနှင့်ပတ်သက်သော အသေးစိတ်အချက် အလက်များသိမြင်မှုတွင် လိုအပ်နေသည်ဟု တွေ့မြင်ရရာ၊ နိုင်ငံရေးဗဟုသုတများနှင့် ပတ်သက်၍ အတွေးအခေါ်ပါသော အဖြေအမျိုးမျိုးထွက်နိုင်သော စဉ်းစား၍ ဖြေဆိုရသည့်မေးခွန်းများကို မေးသောကြောင့်သာ ထိုကဲ့သို့ ဖြစ်ရပါသည်။ အမေရိကန်ကဲ့သို့ နိုင်ငံရေးပိုမိုဖွံ့ဖြိုးသော နိုင်ငံများတွင်ပင်လျှင် များစွာသောနိုင်ငံသားများသည် ၎င်းတို့၏ ကွန်ဂရက် အမတ်အမည်ကို မသိကြပေ(သို့မဟုတ်)ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးဌာနတို့ကြား ကွဲပြားခြားနားပုံကို မသိကြပေ။

အမှန်တကယ်မှာ သဘောထားစစ်တမ်းမေးခွန်းများအပေါ် မည်သို့ဖြေဆိုရမည်ကို အစပိုင်းတွင် နားမလည်ခဲ့သော မြန်မာနိုင်ငံသားများသည် မြန်မြန်ဆန်ဆန်ပင် တိုးတက်လာပြီး နားလည်မှုမြင့်မား လာနိုင်ခဲ့သည်။ မေးခွန်းတစ်ခုနှင့် ပတ်သက်၍ တုံ့ပြန်ဖြေဆိုမှုမပြုခြင်း (သို့)မသိဟုဖြေဆိုခြင်းသည် အဖွဲ့အစည်းတခုတည်း၏ လေ့လာမှုဖြစ်စဉ်တခုအတွင်းမှာပင် ကျဆင်းလာလျက်ရှိသည်။ ၂၀၁၂ ခုနှစ်တွင် ထိုသို့ဖြေဆိုမှုမျိုး ၂၀%လောက်ရှိရာမှ ယခုဆိုလျှင် ၅%လောက်သာ ရှိတော့သည်ကို တွေ့ရသည်။ သဘောထား အမြင်များတွင် ပိုမိုခိုင်မာ လာခဲ့သည်။ မြန်မာနိုင်ငံသားများသည် ယခင်ကထက်စာလျှင် ၎င်းတို့၏ ခံစားချက်များကို ယခုအခါ ပိုမို ပြင်းထန်စွာ ဖြေဆိုရန် ဆန္ဒရှိလာကြသည်ကို တွေ့ရသည်။

ကျွန်တော်တို့ကြားရသော စစ်တမ်းကောက်ယူမှုကို ဆန့်ကျင်ဝေဖန်မှုတွင် မဲဆန္ဒရှင်လောင်းများသည် ပါတီများအကြောင်းကို မဆန်းစစ်နိုင်ကြပဲ ပါတီခေါင်းဆောင် လူတဦးချင်းနှင့် ပတ်သက်ပြီးတော့သာ ဝေဖန်သုံးသပ်နိုင်ကြသည် ဟုဖြစ်သည်။ ထိုအချက်သည် မြန်မာနိုင်ငံတွင်သာ ဖြစ်နေသည့် ထူးခြားချက်မဟုတ်ပါ။ နိုင်ငံရေးအရ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပင် မဲဆန္ဒရှင်အများအပြားသည် နိုင်ငံရေးပါတီများ၏ ရည်မှန်းချက်၊ ဦးတည်ချက်များကို မှန်ကန်စွာ ရှင်းရှင်းလင်းလင်း ပြောဆိုနိုင်ခြင်း မရှိပေ။ သို့သော် ၎င်းတို့သည် ပါတီခေါင်းဆောင်များနှင့် အခြားသော ထင်ရှားသည့် နိုင်ငံရေးသမားများကိုမူ အကဲဖြတ်နိုင်သော အရည်အချင်းရှိကြသည်။

တွေ့ကြုံခဲ့ရသော လူအတော်များများက မြန်မာနိုင်ငံသည် စစ်တမ်းကောက်ယူမှုမျိုးနှင့် မသင့်တော်သေးဟုဆိုကြသည်။ သဘောထားအမြင်များကို ကောက်ယူရာတွင် အခြားသောနည်းနာများကို အသုံး

ပြုသင့်သည်ဟု ဆိုကြသည်။ ဥပမာ - အကြောင်းအရာတစ်ခုကို အလေးထား၍ လေ့လာသော အုပ်စုများ၊ စူးစူးစိုက်စိုက်လုပ်ဆောင်သော အင်တာဗျူးများ စသည်တို့က ပို၍ကောင်းနိုင်သည်ဟု ယူဆခြင်းဖြစ်သည်။ ထိုသို့သောနည်းနာများမှာ သဘောထားအမြင်များ၏ နောက်ကွယ်တွင်ရှိသော အကြောင်းအရင်းများကို စူးစမ်း ရာတွင် ကောင်းမွန်သောလုပ်နည်းဖြစ်နိုင်သည်။ သို့သော် ၎င်းသည် စစ်တမ်း ကောက်ယူသောလုပ်ငန်း တစုံလုံးကို အစားထိုးနိုင်မည် မဟုတ်ပေ။ ၎င်းတို့အနေနှင့် ကိုင်တွယ်ရန် ဘာသာရပ် ပိုမိုများပြားလာခြင်းနှင့် တနိုင်ငံလုံးကို ကိုယ်စားပြုနိုင်သော ပြောဆိုသူ အလွန်နည်းပါးနေခြင်းများ ရှိနေမည်ဖြစ်သည်။

၄ "မည်သူ့အတွက် စစ်တမ်းကောက်ယူသည်ကို ပြည်သူများကသိကြပြီး ၎င်းတို့၏တုံ့ပြန်ချက်များကိုလည်း အခြေအနေနှင့် ကိုက်ညီအောင်ပြောဆိုကြခြင်းဖြစ်သည်" ဤမှတ်ချက်သည် အစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများအား အကောင်းမြင်အကဲဖြတ်ချက်များ ဖော်ပြခဲ့သော စစ်တမ်းများအပေါ် မယုံကြည်သူများထံမှ ထွက်ပေါ်လာလေ့ရှိသောမှတ်ချက်ဖြစ်သည်။ စစ်တမ်းကောက်ယူမှု တစ်ခုချင်းစီသည် အဆိုပါပြဿနာကို မတူညီသည့်နည်းများဖြင့် ဖြေရှင်းထားသည်။ လူတွေ့မေးမြန်းသူများတောင်မှ သဘောထားစစ်တမ်းကို မည်သည်ကူညီ ထောက်ပံ့ပေးထားသည်ကို မသိကြပါ။ ခန့်မှန်းတွက်ချက်နိုင်လျှင်သော်မှ ထိုခန့်မှန်းချက်များကို မေးခွန်းဖြေသူများသိအောင် သိလျက်သားနှင့်ပြောဖို့ နည်းလမ်းမရှိပါ။

၅။ " လူ ၃၀၀၀ ကို တွေ့ဆုံမေးမြန်းခြင်းသည် တစ်တိုင်းပြည်လုံးကို ကိုယ်စားပြုနိုင်ခြင်းမရှိပေ" ဤသည်မှာ ကျွန်တော်တို့ လူတွေ့မေးမြန်းစဉ် အကြားရဆုံးသော ဝေဖန်ချက်ဖြစ်သည်။ ကျွန်တော်တို့နှင့် တွေ့သည့် အချို့ပုဂ္ဂိုလ်များက ကျွန်တော်တို့နှင့် စကားပြောဆိုခြင်းကို ဤနည်းလမ်းအတိုင်း စတင်ကြသည်။

ဤဝေဖန်ချက်မှာ သဘောထားသုတေသန ကောက်ခံသည့် နည်းလမ်းများနှင့် ပတ်သက်၍ လေ့ကျင့်ပညာပေးမှု နည်းပါးခြင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ လူ ၃၀၀၀ ထက်နည်းသည့် အသေအချာပြုလုပ်သော သဘောထားသုတေသန ကောက်ခံမှုမျိုးသည်ပင်လျှင် လူဦးရေတစ်ခုလုံးအတွက် အတော်တိကျသောခန့်မှန်းချေ စာရင်းဇယားများကို ပေးအပ်နိုင်ပါသည်။ တိုင်းပြည် အများအပြားတွင် အပေါ်တွင်ပြောဆိုခဲ့သလိုပင် လူ ၁၀၀၀ သည် စံချိန်မီ အရွယ်အစားပင်ဖြစ်သည်။ ထိုစံအရွယ် အခြေခံမှနေ၍ ရွေးကောက်ပွဲရလဒ်ကို စစ်တမ်းက အတိအကျခန့်မှန်းနိုင်ပါသည်။ ပိုမိုကြီးမားသော စံအရွယ်အစားများကို အသုံးပြု၍ လူဦးရေအုပ်စုခွဲများအကြောင်းကို ခန့်မှန်းနိုင်ပါသည်။ လူမျိုးအုပ်စုများ (သို့) တိုင်းရင်းသား လူနည်းစုလူမျိုးများ (သို့) ပြည်နယ် (သို့) ဒေသများစသည့် နယ်မြေခွဲများ၏ သဘောထား အမြင်များကောက်ယူရာတွင် ပို၍တိကျသော ခန့်မှန်းကိန်းများ ရရှိနိုင်ပါသည်။

တက္ကသိုလ်များတွင် လူမှုသိပ္ပံဘာသာရပ်များ သင်ကြားမှုရပ်ဆိုင်းထားခဲ့ခြင်းများကြောင့် စစ်တမ်းကောက်ယူခြင်းများနှင့် ပတ်သက်၍ဝေဖန်ပြစ်တင်မှုများ ထွက်ပေါ်လာခြင်းဖြစ်သည်။ စံနမူနာရွေးချယ်ရသည့် ရည်ရွယ်ချက်ကို နားလည်သူ ဂျာနယ်လစ်နှင့် နိုင်ငံရေးအိလိများမှာ အလွန်နည်းပါးသည်။ လူထုပညာရေးသည် လူထု၏သိနားလည်မှုရေချိန်ကို မမြှင့်တင်မပေးနိုင်မချင်း စစ်တမ်းကောက်ယူခြင်းများသည် ယုံကြည်လက်ခံနိုင်ဘွယ် လူမှုရေး၊ နိုင်ငံရေးဆောင်ရွက်ချက်အဖြစ် ရောက်ရှိလာမည်မဟုတ်ပေ။

စစ်တမ်းအချက်အလက်များ၏ တန်ဖိုးကို လူငယ်ပိုင်းက ပိုကောင်းကောင်း နားလည်သဘောပေါက်ပြီး သဘောထားစစ်တမ်းများ ကောက်ယူထုတ်ပြန်ခြင်းကို နိုင်ငံရေးအီလစ်များက အလိုက်သင့်ဖြစ်နေမှသာ သဘောထား စစ်တမ်းများနှင့် ပတ်သက်သော စိုးရိမ်မှုများ အချိန်ကြာလာသည်နှင့် အမျှပျောက်ကွယ်သားမည်ဖြစ်သည်။[၁၅] သို့သော် မကြာမီ ကာလများအတွင်း ထိုစိုးရိမ်မှုများ ပျောက်ကွယ်သွားမည်တော့ မဟုတ်ပါ။ ထို့ကြောင့် စစ်တမ်း ကောက်သူများအနေနှင့် လူထုနှင့် နိုင်ငံရေးအိလိများအား ပညာပေးရေးလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး ကူညီရန်

---

၁၅။ မလေးရှားနိုင်ငံတွင် ထိုလုပ်ငန်းစဉ်သည် ၆ နှစ်မှ ၇ နှစ်အထိ ကြာမြင့်ခဲ့ပြီး မြန်မာနိုင်ငံတွင်လည်း ထိုသို့ကြာမြင့်နိုင်ကြောင်း ညွှန်ပြသလိုဖြစ်နေပါသည်။ အလျှုရှင်များ၏ ရည်ရွယ်ရင်းအမှန်ကို စောကြောသည့် မေးခွန်းများကို ကျော်လွှားဖို့ခက်ခဲပါသည်။

တာဝန်ရှိပါသည်။ စစ်တမ်းကောက်ယူ ရရှိချက်များကို လူထုသိအောင် ချပြရပါမည်။ စစ်တမ်း ကောက်ယူသော နည်းစနစ်များကို ရှင်းလင်းချက်များနှင့်အတူ ချပြရမည်။ သို့မှသာ စစ်တမ်းနှင့် ပတ်သက်သော ပညာပေးမှုဖြစ်စဉ်ကို အထောက်အကူဖြစ်ပါမည်။ သို့မှသာ လူထုနှင့် အီလစ် (Elite) များအနေနှင့် သိပ္ပံနည်းကျ မဟုတ်သော နည်းလမ်းများဖြင့် ကောက်ယူထားသော ယုံကြည်လက်ခံနိုင်ဘွယ် မရှိသည့် စစ်တမ်းနှင့် ယုံကြည်လက်ခံနိုင်ဘွယ်ရှိသည့် စစ်တမ်းများကြား ရှင်းလင်းကွဲပြားစွာ သိရှိစေနိုင်သောစွမ်းရည် မြင့်တက်လာစေမည်ဖြစ် သည်။

# အကြံပြုချက်များ

ဤပညာရှင်များ၏ အကြံပြုချက်များသည် သဘောထားစစ်တမ်းကို လက်တွေ့ကောက်ခံသူများ၊ စစ်တမ်း ကောက်ယူရန် တာဝန်ပေးစေခိုင်းသူများ ဘဏ္ဍာရေးအရ ထောက်ပံ့ပေးနေသူများအားလုံးအတွက် ရည်ရွယ်ပါသည်။ ကျွန်တော်တို့၏ အကြံပြုချက် များသည် နိုင်ငံရေးသမားများနှင့် မီဒီယာအတွက် မရည်ရွယ်သော်လည်း သူတို့အပေါ် အကျိုးသက်ရောက်လိမ့်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ထင်မြင်ချက်စစ်တမ်းများကို အရည်အသွေးမြှင့်တင်ပေးရန် အလွယ်ကူဆုံးနည်းလမ်းမှာ ထို စစ်တမ်းများနှင့် လူထုအား ယဉ်ပါးလာအောင် ပြုလုပ်ခြင်းပင်ဖြစ်သည်။

- သိပ္ပံနည်းကျစစ်တမ်းကောက်ယူမှု ပြုလုပ်ခြင်းများကို တတ်နိုင်သလောက် များပြားလာစေရန် အားပေးရမည်။
- သိပ္ပံနည်းကျစစ်တမ်းများကို ကောက်ခံပြီး ဖြန့်ဝေဖို့ အသင့်ဖြစ်နိုင်သူ စွမ်းဆောင်နိုင်သူ ဆန္ဒရှိနိုင်သူ မည်သူ မဆိုကို အရင်းအမြစ်များ ထောက်ပံ့ပေးအပ်ရမည်
- ဒီမိုကရေစီစနစ်တည်ထောင်ဖို့ ရည်မှန်းထားသော လူ့အဖွဲ့အစည်းတစ်ခုတွင် စစ်တမ်းကောက်ယူခြင်းသည် ပုံမှန် လိုအပ်သော အရာဖြစ်သည်ဆိုသည့် သတင်းစကားကို အလေးပေး ပြောရမည်။

သို့မှသာ လူထုအနေဖြင့် အခြေအနေများကို လေ့လာဆန်းစစ်ချက် စစ်တမ်းများမှ တိုက်ရိုက်လေ့လာတတ်သော အလေ့အထကို ရရှိယဉ်ပါးလာမည်ဖြစ်ပြီး၊ စစ်တမ်းကောက်ယူမှုများကို လူမှုအနေအထားများ ပျက်ယွင်းစေခြင်းမရှိဘဲ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ စစ်တမ်းကောက်ယူမှုများနှင့် ပါတ်သက်သော သဘောထားအမြင်များမှာ အချိန် နှင့်အမျှ တိုးတက်လာမည်ဟု ကျွန်တော်တို့ မျှော်လင့်ပါသည်။ သို့သော် ၄င်းဖြစ်စဉ်မှာ အလွန်နှေးကွေးလိမ့်မည်။ စစ်တမ်းအရေအတွက် များလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်စွာ ဖြစ်ပေါ်လာမည်ဖြစ်သည်။ ကျွန်တော်တို့၏ အကြံပြုချက်များအတိုင်း ချမှတ်ဆောင်ရွက်နိုင်ပါက တိုးတက်မှုအရှိန်ရ လာပါလိမ့်မည်။ ရွေးကောက်ပွဲအကြို စစ်တမ်းများ အောင်မြင်စွာ ထွက်ပေါ်လာပါက မီဒီယာနှင့် လူထုသည် စစ်တမ်းများကို ပိုမိုယုံကြည် လက်ခံလာနိုင်မည်ဖြစ်ပါသည်။

ကျွန်တော်တို့၏ အကြံပြုချက်များကို လာမည့်ရွေးကောက်ပွဲမတိုင်မီ အကောင်အထည်ဖော်သင့်သည့် အကြောင်း ကိစ္စများနှင့် ရေရှည်အကောင်အထည်ဖော်သင့်သည့် အကြောင်းကိစ္စများဟု ခွဲခြားထားပါသည်။

## လက်တွေ့လုပ်ငန်းဆောင်ရွက်သူများအတွက်

### လတ်တလောလုပ်ဆောင်ရန်များ

- မေးခွန်းလွှာများကို ဘာသာစကားအမျိုးမျိုးဖြင့် ဘာသာပြန်ဆိုထားရန်။ သန်းပေါင်းများစွာ ပြောဆိုသော ဘာသာစကားများဖြစ်သည့် ရှမ်းနှင့်ကရင် ဘာသာစကားများသည် ပထမဦးစားပေး ပြန်ဆိုမှုရမည့် ဘာသာစကားများ ဖြစ်သည်။
- ဖြေဆိုသူများ၏ သီးသန့်လွတ်လပ်ခွင့်များကို ကာကွယ်ပေးရန် လူတွေ့မေးမြန်းသူများအား သေချာညွှန်ကြား ချက်ပေးထားရမည်။ အကြောင်းအရာအလိုက် ခွဲထားသော သင်တန်းများ၊ အထွေထွေသင်တန်းများ ပေးရာတွင် ထည့်သွင်းညွှန်ကြားရမည်။

- တွေ့ဆုံမည့် မိသားစုများကို ရွေးချယ်ရာတွင် ဒေသအာဏာပိုင်များ၏ စွက်ဖက်မှုအနည်း ဆုံးဖြစ်စေရန် အဖွဲ့တွင်း လမ်းညွှန်ချက်များနှင့် ဗျူဟာများ ထားရှိရမည်ဖြစ်သည်။[၁၆]

## ရေရှည်ဆောင်ရွက်ရန်များ

- အားလုံးတက်တက်ကြွကြွ ပါဝင်နိုင်သော နိုင်ငံအဆင့် အသင်းအဖွဲ့တစ်ခုဖွဲ့စည်းထားပြီး ကောင်းမွန်သော စစ်တမ်းကောက်ယူမှု သုတေသနများကို အားပေးရမည်
- ESOMAR/ CC Code နှင့် ESOMAR/ WAPOR Guide to Opinion Polls and Published Surveys ကဲ့သို့ လက်တွေ့ကျင့်သည့်နှုန်းစံများနှင့် စံသတ်မှတ်ချက်များကို လိုက်နာပါ။ လက်တွေ့စစ်တမ်းကောက်ယူသူများ မည်ကဲ့သို့ လိုက်နာသည်ကို စောင့်ကြည့်ပါ။ မိမိကိုယ်တိုင်စည်းမျဉ်းများ စောင့်ထိန်းလိုက်နာခြင်းသည် ကျွမ်းကျင်မှုကို ဖွံ့ဖြိုးစေမည်ဖြစ်သည်။ နိုင်ငံတကာလမ်းညွှန်ချက်များကို လိုက်နာသော စစ်တမ်းကောက်ယူ အဖွဲ့များသည် သူတို့တွင်အရည်အသွေးရှိကြောင်း ညွှန်းဆိုသည့်အနေဖြင့် ထိုသို့လိုက်နာသည့်အချက်ကို ပေါ်လွင်အောင်ပြောလာနိုင်သည်။

# စစ်တမ်းကောက်ယူရန် တာဝန်ပေးစေခိုင်းသူများအတွက်

## လတ်တလောလုပ်ဆောင်ရန်များ

- မှားယွင်းအနက်ပြန်မှုများ လွှမ်းခြုံမသွားစေရန် စစ်တမ်းရလဒ်များကို ထုတ်ပြန်သောအခါတွင် ပိုမိုရှင်းလင်းသော ဦးတက်ချက်ပိုကောင်းသော အဓိပ္ပါယ်ဖွင့်ဆိုထောက်ကူပြု ပစ္စည်းကိရိယာများကို ပေးအပ်ရန်
- စစ်တမ်းရလဒ်ထုတ်ပြန်သည့်အခါ မေးခွန်းများကို အင်္ဂလိပ်ဘာသာနှင့်ရော လက်တွေ့ ကွင်းဆင်းမေးတုန်းက အသုံးပြုခဲ့သည့် ဘာသာစကားသို့မဟုတ် ဘာသာစကားများဖြင့်ရောပါ ထုတ်ပြန်တင်ပြပေးပါ။

## ရေရှည်ဆောင်ရွက်ရန်

- စစ်တမ်းများကောက်ယူရန် တာဝန်ပေးအပ်သောအခါ မဟာဗျူဟာကျကျ ပုံမှန်ကာလတခုခြား၍ ပြုလုပ်ရန် စဉ်းစားပါ။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် ၄င်းသည် မီဒီယာနှင့် လူထုအတွင်း ဖေါ်ပြရန် အကြောင်းအရာတခုဖြစ်လာမည်။ ဥပမာ လာမည့်ရွေးကောက်ပွဲရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ စစ်တမ်းကောက်ယူခြင်းကို ၄လတကြိမ် (သို့) ၆လတကြိမ်ပြုလုပ်ရန်ဖြစ်သည်။ စစ်တမ်းများကို လူထုအတွင်းသို့ ပိုမိုထုတ်ပြန်လေလေလူထုနှင့်နိုင်ငံရေးခေါင်းဆောင်များအတွက် ပိုမိုအဆင်ပြေလေဖြစ်လာလိမ့်မည်။ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ မေးခွန်းများ သေချာစွာလေ့လာဆန်းထားသော လူထုထင်မြင်ချက်များသည် လူထုအတွင်း ဆွေးနွေးမှုများ၏အစိတ်အပိုင်းတခု ဖြစ်လာမည်ဖြစ်သည်။
- နိုင်ငံရေးထက် အခြားသောကိစ္စများကို ဆန်းစစ်လေ့လာခြင်းအားဖြင့် စစ်တမ်းသည် လူထု၏ လိုအပ်ချက်နှင့် အကျိုးစီးပွားများ လေ့လာရာအဖြစ် ရှုမြင်ခံလာရလိမ့်မည်ဖြစ်သည်။ ဆင်းရဲမွဲတေမှု အဆင့်များနှင့် စီးပွားရေးမျှော်မှန်းချက်များကို လေ့လာခြင်းသည် လူ့အဖွဲ့အစည်းအခြေအနေ နှင့် မည်သို့ပြောင်းလဲနေသည်ကို သိရှိစေမည့် သတင်းအချက်အလက်များပေးခြင်းပင်ဖြစ်သည်။
- ဒေသအလိုက်အုပ်စုများနှင့် လူမျိုးစုအလိုက်အုပ်စုများ၏ စိုးရိမ်မှုလိုလားမှုများနှင့် ပတ်သက်၍ နှိုင်းယှဉ်လေ့လာနိုင်မည့် အချက်အလက်များရရှိစေရန်အတွက် သီးသန့်ရွေးချယ်ထားသော ဒေသ(သို့) ပြည်နယ်(သို့) လူတန်းစားအလွှာကွဲပြားမှုရှိသော သီးသန့်ဇရိယာများ စသည်တို့တွင် စစ်တမ်းကောက်ယူခြင်းကို စဉ်းစားပါ။

---

၁၆။ အခြားနေရာများ၏ အတွေ့အကြုံများအရဆိုလျှင် အစိုးရသည် ဒီမိုကရေစီကို ဖော်ဆောင်ပါမည်ဟူသော ကတိစကားနှင့်အညီ သဘောထားစစ်တမ်းမေးခွန်းများတွင် ပါဝင်သည့် အကြောင်းအရာများအပေါ် ထိန်းချုပ်ထားမှုကို ရေရှည်တွင် စွန့်လွှတ်သွားသင့်သည်။ စစ်တမ်းကောက်ခံသူများသည်လည်း ပညာရှင် ကျင့်ဝတ်စည်းကမ်းများကို မိမိကိုယ်တိုင်လိုက်နာ အကောင်အထည်ဖော်ပြီး သင့်တော်သည့် မေးခွန်းအကြောင်းအရာများနှင့် ပတ်သက်သည့် နိုင်ငံရေးအသိကို ပြုစုပျိုးထောင်သွားနိုင်သည်။

## အခြားနိုင်ငံတကာအဖွဲ့အစည်းများအတွက်

### လက်တလောလုပ်ဆောင်ရန်များ

- လူထုအမြင် သဘောထားစစ်တမ်းများကို အသုံးပြုရန် အလားအလာရှိသူများနှင့် ဂျာနယ်လစ်များအား စစ်တမ်းများ၏တန်ဘိုးနှင့် ၎င်းကိုနားလည်စေရန် မည်သို့ပြုလုပ်မည်ဆိုသည် တို့နှင့်ပတ်သက်၍ သင်တန်းများ တက်ရောက်ခွင့်ရရန် ဆောင်ရွက်ပေးရမည်။ စစ်တမ်းရလဒ်များသည် မည်သည့်လူပုဂ္ဂိုလ် (သို့) မည်သည့်အင်စတီကျူးရှင်းအတွက်မှ ခြိမ်းခြောက်မှုမဟုတ်ပဲ အထောက်အကူဖြစ်စေသော အရာများသာအဖြစ်သာ ရှုမြင်သင့်သည်။
- စံနမူနာရွေးချယ်ခြင်း၏ အသုံးဝင်ပုံအကြောင်း အနှစ်ချုပ်သတင်းအချက်အလက်များကို ဂျာနယ်လစ်များ၊ အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများအတွက် ဖြန့်ဝေပေးရမည်။
- စစ်တမ်းများကို မည်သို့ရေးသားဖော်ပြရမည် ဆိုသည်နှင့်ပတ်သက်၍ ဂျာနယ်လစ်များကို သင်တန်းပေးရမည်။ အချို့သောအချက်အလက်များမှာ အွန်လိုင်းတွင် အဆင်သင့်ရရှိနိုင်ပြီဖြစ်ပြီး၊ နိုင်ငံတကာအဆင့် အွန်လိုင်းသင်ခန်းစာများနှင့် လေ့ကျင့်သင်ကြားမှုကို လောလောဆယ်တွင် ဖွံ့ဖြိုးအောင် ဆောင်ရွက်နေပြီဖြစ်သည်။
- စစ်တမ်းများကို နားလည်လာအောင် နိုင်ငံရေးပါတီမှ တက်ကြွလှုပ်ရှားသူများအား သင်တန်းပေးရမည်။

### ရေရှည်ဆောင်ရွက်ရန်

- ပြည်တွင်းတက္ကသိုလ်များတွင် စစ်တမ်းကောက်ယူရေး နည်းစနစ်များနှင့် ပတ်သက်၍ သင်ကြားပေးနေမှုအား ရံပုံငွေထောက်ပံ့ပေးခြင်းအားဖြင့် အရည်အချင်းနှင့် စိတ်ပါဝင်စားမှုများကို ချဲ့ထွင်နိုင်မှုလည်းရှိလာမည်ဖြစ်သည်။
- ဖွံ့ဖြိုးရေး စီမံကိန်းများ လုပ်ဆောင်သည့်အခါတွင် လူမှုရေး သက်ရောက်မှု အကဲဖြတ်ချက်များကို ထည့်သွင်းလုပ်ဆောင်ရမည်ဟု ဖွံ့ဖြိုးရေးအေဂျင်စီများက တောင်းဆိုရန် အကြံပေးနိုင်သည်။ သို့မှသာ ဖွံ့ဖြိုးရေးလုပ်ငန်းဆုံးဖြတ်ချက်များချရာတွင် လူထုပါဝင်နိုင်အောင် ကရိယာတစ်ခုအနေနှင့် အသုံးချနိုင်မည်။
- သဘောထားစစ်တမ်းအသစ်များ ကောက်ခံရေးအတွက် သတင်းအဖွဲ့အစည်းများနှင့် သုတေသန အဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများကို ရံပုံငွေ ထောက်ပံ့ပေးပါ။ ဂျာနယ်လစ်များအတွက်ဆိုလျှင် လူထုသဘောထားအမြင်များနှင့် ပါတ်သက်သော ၎င်းတို့၏ အယူအဆများကို ကောင်းမွန်သော လူထုအမြင်စစ်တမ်းများဖြင့် စမ်းသပ်စစ်ဆေးနိုင်ပေးသည်။
- စစ်တမ်းကောက်ယူခြင်းများသည် လူထုအမြင်ကို ဆန်းစစ်လေ့လာသော ကိရိယာတစ်ခု အဖြစ် စွဲမြဲစွာ နားလည်သွားနိုင်စေရန်အတွက် နိုင်ငံရေးနှင့်မပါတ်သက်သော၊ ပါတီဘက်လိုက်မှုမရှိသော ဒေသဆိုင်ရာ အင်စတီကျူးရှင်းများကို စစ်တမ်းကောက်ယူရေးလုပ်ငန်းများအတွက် ရံပုံငွေထောက်ပံ့ခြင်းများ၊ ဖွံ့ဖြိုးအောင်ကူညီခြင်း များပြုလုပ်သင့်သည်။
- မြန်မာအရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဒေသတွင်း အခြားနိုင်ငံများရှိ အဖွဲ့အစည်းများကြား နည်းနာများ၊ ရလဒ်များနှင့်ပတ်သက်သောသတင်းအချက်အလက်များ မျှဝေနိုင်ရေး ပူးပေါင်း ဆောင်ရွက်မှုများကို အားပေးရမည်။
- WAPOR, ESOMAR နှင့် ANPOR/ Asian Network for Public Opinion Research စသော အဖွဲ့အစည်းများမှ ကမကထပြုပေးသော အလုပ်ရုံဆွေးနွေးပွဲများ အပါအဝင် နိုင်ငံတကာ စစ်တမ်းကောက်ယူရေး ဆွေးနွေးပွဲများ၊ ကွန်ဖရင့်များသို့ စစ်တမ်းလက်တွေ့ကောက်ယူသူများ၊ အသုံးပြုသူများကို စေလွှတ်၍လေ့လာနိုင်ရန် ရံပုံငွေထောက်ပံ့ရမည်။ ၎င်းပြင် ကာတာနိုင်ငံအခြေစိုက် ဒေသဆိုင်ရာ အင်စတီကျူ SESRI နှင့် University of Michigan ရှိ နွေရာသီနိုင်ငံတကာသင်တန်း စသည်တို့တွင်လည်း တက်ရောက်နိုင်သည်။ မြန်မာနိုင်ငံတွင် ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲ များသည် ဒေသခံများအတွက် သဘောထားအမြင်စုးစမ်းလေ့လာရေးအတွေ့အကြုံများကို ရရှိစေသည့်အတွက်လည်း ငွေကြေးထောက်ပံ့ပေးပါ။

# နောက်ဆက်တွဲများ

## ၁။ လေ့လာဆန်းစစ်မှုပြုလုပ်သည့်ကျွမ်းကျင်သူများကော်မတီ

Kathleen A. Frankovic ဤကော်မတီကို ကြီးကြပ်လမ်းညွှန်ပေးခဲ့သည်။ သူသည် CBS သတင်းဌာန၏ CBS သတင်းစစ်တမ်းကောက်ယူရေးတွင် အဓိကပုဂ္ဂိုလ်ဖြစ်ပြီး၊ နယူးယောက်တိုင်းမ်သတင်းစာနှင့် CBS သတင်းစစ်တမ်းကောက်ယူရေးကို နှစ် ၃၀ ကြာ ပူးတွဲလုပ်ဆောင်ခဲ့သူ၊ ကျွန်းကျင်သူပညာရှင်တစ်ဦးဖြစ်သည်။

CBS သတင်းဌာနတွင် Director of Surveys နှင့် ထုတ်လုပ်သူအဖြစ် လုပ်ကိုင်ခဲ့ပြီး သူမသည် စစ်တမ်းများအတွက် အစီအစဉ်ချခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အစီရင်ခံ တင်ပြခြင်းတို့ကို လုပ်ဆောင်သည်။ ဂျာနယ်လစ်များနှင့်အတူအလုပ်လုပ်ပြီး၊ မကြာခဏဆိုသလို စစ်တမ်းရလဒ်များနှင့် ပတ်သက်၍ ရေဒီယိုနှင့်ရုပ်သံတို့တွင် သရုပ်ခွဲတင်ပြချက်များ ပြုလုပ်လေ့ရှိသည်။ ၁၉၉၆ ခုနှစ်တွင် သူမအငြိမ်းစားယူခဲ့ပြီးနောက်၊ သူမသည် CBS ၏ ရွေးကောက်ပွဲဆိုင်ရာ သတင်းကြေညာမှုများကို အကြီးတန်းထုတ်လုပ်သူ သူအဖြစ်လုပ်ဆောင်ခဲ့သည်။ ၂၀၀၂ ခုနှစ်မှစ၍ သူမသည် အမေရိကန်ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်များ၏ ရွေးကောက်ပွဲရလဒ်ဆိုင်ရာသတင်းများအတွက် ဖွဲ့စည်းသောပရောဂျက်အဖွဲ့ကို ဦးဆောင်သူဖြစ်လာသည်။

၂၀၀၉ ခုနှစ်တွင် CBS ၏ အချိန်ပြည့်လုပ်ငန်းတာဝန်များမှ အနားယူခဲ့သည်။ နောက်ပိုင်းတွင် CBS သတင်းဌာန၊ You Gov, Harvard University၊ The Pew Research Center နှင့် အခြားသောလေ့လာဆန်းစစ်ရေးအဖွဲ့အစည်းများအတွက် ရွေးကောက်ပွဲနှင့်စစ်တမ်းများဆိုင်ရာ အတိုင်ပင်ခံအဖြစ်ဆောင်ရွက်သည်။ သူမသည် နိုင်ငံရေးသိပ္ပံဘာသာရပ်ဖြင့် Rutgers University မှဒေါက်တာဘွဲ့ရရှိခဲ့ပြီး University of Vermontတွင် ပါမောက္ခနှင့် Cornell Universityတွင် ဧည့်ပါမောက္ခအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ မီဒီယာတွင် သဘောထားစစ်တမ်းများ၏ အခန်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် ဟောပြောရေးသားလျက်ရှိသည်။

World Association for Public Opinion Research နှင့် American Association for Public Opinion Research တို့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ESOMAR Professional Standards Committeeတွင် ယခုအခါပါဝင်လျက်ရှိသည်။ AAPOR Award for Lifetime Achievement ဆုများအပြင် သတင်းမီဒီယာများအတွက် ပြည်သူ့သဘောအထားအမြင်များကို ကောက်ခံပေးခြင်း ရှင်းပြပေးချင်းများ လုပ်ဆောင်သည့်အတွက် တိုင်းပြည်က ပေးထားဆုများစွာ ရရှိထားသည်။

Mahar Mangahas ။ ။ ဖိလစ်ပီနိုလူမျိုး စီးပွားရေးပညာရှင်။ ဆန်စပါးစီးပွားရေးပညာ၊ မြေယာပြုပြင်ပြောင်းလဲမှု၊ ဆင်းရဲမွဲတေမှု၊ ဆာလောင်ငတ်မွတ်မှု၊ ဝင်ငွေမညီမျှမှု၊ ဘဝအရည်အသွေး၊ အုပ်ချုပ်ရေး၊ ပြည်သူ့သဘောထားအမြင်ဆိုသောကိစ္စများကို သုတေသနလုပ်ဆောင်ထားသည်။

သူသည် ၁၉၈၅ ခုနှစ်တွင် Social Weather Stations (SWS; www.sws.org.ph) ကို ပူးတွဲတည်ထောင်ခဲ့ပြီး ၎င်းသည် ဘဝအရည်အသွေးကို စောင့်ကြည့်ခြင်း၊ သဘောထားအမြင်ကောက်ခံခြင်း၊ လူမှုစစ်တမ်းများကို ကောက်ခံရာတွင် ဖိလစ်ပိုင်နိုင်ငံ၏ဦးဆောင်အဖွဲ့ကြီးလည်းဖြစ်သည်။စတင်တည်ထောင်ချိန်မှစ၍ဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်ထားသည်။ ဖိလစ်ပိုင်နိုင်ငံ အဆင်ပြေချောမွေ့မှုနှင့် အုပ်ချုပ်ရေးကောင်းမွန်မှုများကို ၎င်းကိုယ်တိုင်၏ ၃ လတစ်ကြိမ် နိုင်ငံအနှံ့ Social Weather Surveys ကိုအခြေခံ ၍ SWS က ခိုင်မာကျစ်လစ်သော အညွှန်းကိန်းများကို ထုတ်ပြန်ပေးသည်။ ထိုအဖွဲ့သည် International Social Survey Programme၊ World Values Survey၊ Asian Barometer၊ Comparative Studies of Electoral Systems စသောအဖွဲ့ကြီးများတွင် နိုင်ငံကိုယ်စားပြုပါဝင်ထားပြီး Gallup World Poll အတွက် ဖိလစ်ပိုင်တွင် ကွင်းဆင်းဆောင်ရွက်ပေးသည်။

Mangahas သည် ဖိလစ်ပိုင်တက္ကသိုလ်ဌာနတွင် ၁၉၆၂မှ ၁၉၈၁ အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး အချိန်ပြည့် စီးပွားရေးပညာပါမောက္ခအဆင့်ထိရောက်ခဲ့သည်။ Consultant on Social Indicators for the governments of Malaysia နှင့် Indonesia တွင် UNICEF အတိုင်ပင်ခံအရာရှိ၊ Research of the Development Academy of the Philippinesတွင် ဒုဥက္ကဋ္ဌ၊ Philippine Economic Journal တွင်အယ်ဒီတာ၊ Philippine Economic Society နှင့် Marketing

and Opinion Research Society of the Philippines များတွင် ဥက္ကဋ္ဌ ၊ Philippine Agrarian Reform Foundation ကို ပူးတွဲတည်ထောင်သူ၊ Foundation for Economic Freedom, Philippine national representative of the World Association for Public Opinion Research ကို ပူးတွဲတည်ထောင်သူ International Society for Quality of Life Studiesတွင် ဘုတ်အဖွဲ့ဝင် စသောတာဝန်များကိုလည်း ထမ်းဆောင်သည်။ University of the Philippines မှ AB နှင့် MA ဘွဲ့များကို ရရှိထားပြီး University of Chicago မှ စီးပွားရေးပညာဒေါက်တာဘွဲ့ကို ရခဲ့သည်။

ရွေးကောက်ပွဲအကြို သဘောထားစစ်တမ်းများကို မထုတ်ပြန်နိုင်အောင် ပိတ်ပင်ထားသော "တရားမျှတ ရွေးကောက်ပွဲ" အက်ဥပဒေ Fair Election Act ပြဋ္ဌာန်းချက်တစ်ရပ်ကို ပျက်ပြယ်သွားအောင် SWS က ဖိလစ်ပိုင်နိုင်ငံတော်တရားရုံးချုပ်ကို အောင်မြင်စွာ တောင်းဆိုမှုအပြီးတွင် World Association for Public Opinion Research ၏ အမြင့်ဆုံးဆုဖြစ်သည့် Helen Dinerman Award ကို ၂၀၀၁ ခုနှစ်တွင် သူက ချီးမြှင့်ခံခဲ့ရသည်။ ဖိလစ်ပိုင်နိုင်ငံ သဘောထားစစ်တမ်းသုတေသနသမားများ၏ အခွင့်အရေးနှင့် လွတ်လပ်မှုများကို ထောက်ခံမြှင့်တင်ပေးနိုင်သည့်အတွက် ပေးခဲ့ခြင်းဖြစ်သည်။ " တိုင်းပြည်၏ အမှတ်လက္ခဏာကို ကူညီထုတ်ဖော်ပေးပြီး ပြည်သူ့ဆန္ဒကို ကိန်းဂဏန်းများဖြင့် ထုတ်ဖော်သည့်နည်းလမ်းဖြင့် ဒီမိုကရေစီကို ပြန်လည်ထွန်းကားအောင် လုပ်ဆောင်ပေးရာတွင် သြဇာလွှမ်းမိုးမှုများကို ပေးနိုင်သည့်အတွက် University of Chicago Alumni Award for Public Service ဆုကို ၂၀၁၁ တွင် ပေးအပ်ခံရသည်။ ခက်ခဲသော နိုင်ငံရေးအခြေအနေများအောက်တွင် လုပ်ဆောင်ခဲ့သော သူ၏ကြိုးစားအားထုတ်မှုများသည် တိုင်းပြည်၏ အရေးကြီးသော နိုင်ငံရေးတွေ့ဆုံမှုများ၊ မူဝါဒအပြောင်းအလဲများ ကိုဦးတည်သွားစေခဲ့သည်။" ဘဝအရည်အသွေး သုတေသနတွင် ပါဝင်လုပ်ဆောင်မှုများအတွက် Distinguished Research Fellow Award of the International Society for Quality of Life Studies ဆုကို ၂၀၁၄ ခုနှစ်တွင် ဆွတ်ခူးနိုင်ခဲ့သည်။[၁၇]

Ibrahim Suffian ။ ။ ပြည်သူ့သဘောထားစစ်တမ်းများနှင့် နိုင်ငံရေးစစ်တမ်းများကို မလေးရှားနိုင်ငံတွင် ဦးဆောင်ကောက်ခံသည့် Merdeka Center for Opinion Research ကိုပူးတွဲတည်ထောင်သူနှင့် ပရိုဂရမ်ဒါရိုက်တာဖြစ်သည်။ သုတေသနတာဝန်များကို ထမ်းဆောင်ခြင်းအပြင် မလေးရှားနိုင်ငံရေး ဖြစ်ထွန်းတိုးတက်မှုများကို သံတမန်များနှင့် ဘဏ္ဍာရေးလောကသားများအား ရှင်းပြရာတွင်လည်း တက်တက်ကြွကြွပါဝင်ဆောင်ရွက်သည်။ နိုင်ငံရေးပါတီများ၊ အစိုးရဌာနများ၊ အဆင့်မြင့်နိုင်ငံတကာသင်ကြားရေးဌာနများ စသော အဖွဲ့၏အကူအညီကို တောင်းခံသူများကို လက်ရှိတွင် စီမံခန့်ခွဲပေးနေရသည်။ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ စင်္ကာပူနှင့် မြန်မာနိုင်ငံတွင် သဘောထားစစ်တမ်းကောက်ခံခြင်းများကို အဖွဲ့မှတဆင့် ပါဝင်ဆောင်ရွက်ပေးနေသည်။

Merdeka Center တွင် မလုပ်ကိုင်မီက Suffian သည် တွင် ဘဏ္ဍာရေးစီမံကိန်း အထူးကျွမ်းကျင်သူအဖြစ်၎င်း၊ နိုင်ငံတကာဖွံ့ဖြိုးမှု အေဂျင်စီတစ်ခုတွင် ပရော့ဂျက်မန်နေဂျာအဖြစ်၎င်း တာဝန်များထမ်းဆောင်ခဲ့သည်။ Indiana University ရှိ Kelley School of Business တွင်ပညာသင်ကြားခဲ့ပြီး Michigan State University ရှိ Eli Broad College of Business မှ MBA ကိုရရှိခဲ့သည်။ ၂၀၁၁ ခုနှစ် World Fellow ကိုလည်း Yale University တွင် တက်ရောက်ခဲ့သည်။

## ၂။ အစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သော အဖွဲ့အစည်းများစာရင်း

The Asia Foundation
Beyda Institute
Educational Initiatives
IMG/EU Election Support Project
International Federation for Electoral Systems
International Republican Institute

၁၇။ Mangahas ၏ အပတ်စဉ်ဆောင်းပါး "Social Climate" ကို Philippine Daily Inquirer (inquirer.net) တွင် စနေနေ့တိုင်း ဖော်ပြသည်။

Myanmar Alliance for Transparency and Accountability
Myanmar Development Resource Institute, Centre for Economic and Social Development
Myanmar Egress
Myanmar Market Research and Development Co.
Myanmar Scholarship Alumni Association
Myanmar Survey Research
National Democratic Institute for International Affairs
National League for Democracy Central Committee for Research and Strategic Studies
Office of Daw Aung San Suu Kyi
Open Myanmar Initiative
People's Alliance for Credible Elections
People's Assembly
Pyidaungsu Institute for Peace and Dialogue
Renaissance Institute
River Orchid Insight
Salween Institute for Public Policy
Sandhi Governance Institute
TNS Myanmar
United States Department of State
United States Embassy, Myanmar
Union Election Commission
Union Solidarity and Development Party
USAID
Vriens & Partners Myanmar
Yangon School of Political Science

## ၃။ အစီရင်ခံစာအတွင်း ကိုးကားထားသော စာအုပ်စာတမ်း အရင်းအမြစ်များ

### International Organizations

www.esomar.org www.wapor.org

### Codes and Guidelines

ESOMAR/ICC Code:
http://www.esomar.org/uploads/public/knowledge-and-standards/codes-and-guidelines/ESOMAR_ICC-ESOMAR_Code_English.pdf
ESOMAR/WAPOR Guide to Opinion Polls and Published Surveys:
http://www.esomar.org/uploads/public/knowledge-and-standards/codes-and-guidelines/ESOMAR-WAPOR-Guideline-on-Opinion-Polls-and-Published-Surveys-August-2014.docx

### Reports

ESOMAR/WAPOR/OSF Georgia Report:
http://www.osgf.ge/files/2013/publikaciebi%202013/Making_Polling_Matter_in_Georgia_(FINAL).pdf